# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 26 November 2022 ၁၀၉၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




**ပေးအပ်ချီးမြှင့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တံခွန်စိုက်ပထမဆု ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် အချိုးကျကိုယ်စားပြုစနစ်**

ဆောင်းပါး စာမျက်နှာ » ၆

**အမိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံက ပြည်သူပြည်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ရဲ့ ဘာသာရေး၊ လူမှုရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမယ်ဆိုရင် သာယာဝပြောတဲ့ လူ့ဘောင်လောကကြီးကို တည်ထောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

**ဂျပန်နိုင်ငံ၌ ပြည်တွင်းခရီးသည်များအား ခရီးသွားလာမှုကုန်ကျစရိတ် ဈေးနှုန်းလျှော့ချပေးသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည်**

စာမျက်နှာ » ၁၃

ကြေးမုံ

# တိုင်းပြည်အကျိုး တက်ညီလက်ညီကြိုးပမ်း

"မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့်ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် လာမည့်ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်နှစ်မပြည့်သေးသည့် ကာလတိုအတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆင့်ဆင့်တိုးတက်မှုများရရှိနေပြီး နိုင်ငံတော်ကို ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံနှင့်ဆီလျော်ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အကောင်အထည်ဖော်လျက်ရှိရာ ပြည်တွင်း/ပြည်ပမှ မလိုလားမရှုဆိတ်သူများက ဖိအားပေးစွက်ဖက် နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့နှောင့်ယှက်ဖျက်ဆီး စိန်ခေါ်မှုအမျိုးမျိုးရှိသည်ဖြစ်စေ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းသယ်ပိုးထမ်းရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်း အဖျက်လုပ်ရပ်အမျိုးမျိုးတို့ကို ပြည်တွင်း/ပြည်ပမှ ကြံစည်လုပ်ကိုင်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ မည်သို့ပင်လုပ်ဆောင်နေသော်လည်း ပြည်သူတို့၏အဓိကလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးမူဝါဒနှစ်ရပ်ကို ချမှတ်ဆောင်ရွက်ကာ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ လာမည့်ကာလများတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်တိုးတက်လာရေးအတွက် အခြေခံကျသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပြီး တိုင်းပြည်၏ အခြေခံစီးပွားရေးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် အားပေးမြှင့်တင်ဆောင်ရွက်နေသည်။

အဓိကမှာ နိုင်ငံ၏စီးပွားရေး တိုးတက်မြင့်မားလာရန်ဖြစ်ပြီး စီးပွားရေးကောင်းမွန်ပါက အရာရာကို ကျော်လွှားဖြတ်ကျော်နိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းအားလုံးကို နိုင်ငံတော်အစိုးရက အားပေးကူညီမြှင့်တင်ပေးနေပြီး ပြည်ပသွင်းကုန်များကို လျှော့ချနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးမြင့်မားတိုးတက်လာမည်။ ပြည်ပမှ မှာယူတင်သွင်းနေရသည့် ကုန်ပစ္စည်းများကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုးသုံးစွဲနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အဆင့်မြင့်မားတိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်ဝင်ငွေ တိုးတက်ရရှိရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေပြီး ရှိရင်းစွဲမြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ဥပဒေနှင့်အညီ စနစ်တကျ ထိရောက်စွာ အသုံးချဖို့လိုအပ်ပေသည်။

ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေချိန်တွင် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာအရည်အသွေးပြည့်မီအောင် ကြိုးပမ်းထုတ်လုပ်ပြီး ပြည်ပမှသွင်းကုန်ပစ္စည်းများ တင်သွင်းသူများဘဝမှ ပြည်ပပို့ကုန်များပို့ဆောင်သူများအဖြစ်သို့ အလျင်အမြန်ရောက်ရှိအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ တစ်ဖက်တွင် ချွေတာရေးကိုလည်း သတိမူရမည်ဖြစ်ပြီး အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင်ပြီး နိုင်ငံတော်က ကျခံသုံးစွဲပေးလျက်ရှိသည့် ရေနှင့် လျှပ်စစ်ဓာတ်အားများကို လိုအပ်သလောက် ထိရောက်စွာသုံးစွဲပြီး အတတ်နိုင်ဆုံး ချွေတာသုံးစွဲကြရန်လိုအပ်ပေသည်။ လျှပ်စစ်ဓာတ်အားသည် လူမှုစီးပွားဖွံ့ဖြိုးရေးတွင် အဓိကကျသောကိစ္စဖြစ်ပြီး တစ်နေ့တခြား စွမ်းအင်လိုအပ်ချက်များ မြင့်မားလာမည်ဖြစ်သောကြောင့် လိုအပ်ချက်များ ပြည့်မီရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ပေးနေသည်။

မျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံး စက်သုံးဆီဈေးနှုန်းမြင့်မားနေသော အချိန်ကာလတွင် စက်သုံးဆီသုံးစွဲမှုကိုလည်းချွေတာပြီး အများပြည်သူသွားလာပို့ဆောင်မှုတွင် အကျိုးရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အခွန်ဘဏ္ဍာငွေများသည် နိုင်ငံတော်အတွက်အရေးကြီးသည့် ဘဏ္ဍာရေးဖြစ်သဖြင့် အခွန်ငွေများကို ပြည့်မီအောင်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲက တိုင်းပြည်ကောင်းကျိုး၊ တိုင်းပြည်စီးပွားတိုးတက်လာရေးအတွက် အစဉ်မပြတ်လမ်းညွှန်မှာကြားချက်များကို အလေးအနက်ခံယူပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဇော်နှင့် တာဝန်ရှိသူများသည် ချမ်းမြေ့ရိပ်သာသီလရှင်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ နှင့် ပဲတို့ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ဗဟန်းမြို့နယ် ရန်ပြေမာန်ပြေမူလကမ္ဘာအေးစေတီတော် ဘက်စုံပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်ရှိ ရန်ပြေမာန်ပြေမူလကမ္ဘာအေးစေတီတော် ဘက်စုံအကြီးစားပြုပြင်တည်ဆောက်ခြင်းနှင့် ရွှေငွေကျောက်မျက်ရတနာများ ထည့်သွင်းလောင်းလှူခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ယင်းစေတီတော်၌ ကျင်းပသည်။




ရှေးဦးစွာ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားနှင့် ရန်ပြေမာန်ပြေမူလကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ဥက္ကဋ္ဌနှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော နေ့နံအလိုက်ပုဂ္ဂိုလ်များက ရွှေငွေရတနာကျောက်မျက်များကို ကွန်ကရစ်တိုင်များအတွင်း သွန်းလောင်းလှူပေးကြပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ဘုရားဘဏ္ဍာတော်ထိန်းအဖွဲ့ဥက္ကဋ္ဌက ရည်စူးလှူဒါန်းထားသည့် ငွေကျပ်သိန်းငါးရာလှူဒါန်းမှု ပြည့်မီရန်အတွက် စတုတ္ထအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးကျော်ကျော်၊ ဦးညွန့်ဦး၊ ဦးသန်းထွန်းအောင်တို့က လက်ခံရယူပြီး ဘဏ္ဍာရေးမှူး ဦးဇော်မိုးညွန့်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

**တင်ဝင်းတင်**

## ကလေးဝမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းပြပွဲပြုလုပ်

ကလေးဝ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက မြေသာကျေးရွာအုပ်စု လယ်ကြီးတောကျေးရွာ တောင်သူဦးဖိုးကြွက်ပိုင်ကွင်းအမှတ် (၃၇/၂)၊ ဦးပိုင်အမှတ် (၁၁၃/A) ဆင်းသုခစပါးစံကွက်၌ ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး သုည ဒသမ ၁၀ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ အစိုအထွက်နှုန်း ၁၀၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေး နည်းစနစ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ချင်းတွင်း-မြစ်သာ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၈၄၀ | ၁၆,၃၂၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၇၄၁ | ၂,၄၈၃,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၆၇ | ၅၁၅,၉၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၆၅ | ၁,၂၆၇,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀၀ | ၅၄၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၈၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၃.၁၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၇၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၄၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၆.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၉.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ (၅၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ(က)အဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ ရွှေဖုံးမှ

ဦးစွာ ၂၀၂၂ ခုနှစ် (၅၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်သည့် အသင်းနှစ်သင်း ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်၊ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ကြပြီး ရှေ့တန်းတိုက်စစ် ကစားသမားများ၏ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိမှု၊ ဂိုးသမားများ၏ လက်စွမ်းပြ ကာကွယ်မှုများကြောင့် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိခြင်းမရှိခဲ့သဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ အချိန်ပို ပထမပိုင်း ခြောက်မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုးကို လှပစွာသွင်းယူရရှိခဲ့ပြီး အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ချေပဂိုးပြန်လည်ရရှိနိုင်ရေး အင်တိုက်အားတိုက် တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဂိုးရရှိခဲ့ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

**ဝင်ရောက်နေရာယူ**

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် ဆုရဘောလုံးအသင်း ခြောက်သင်းတို့မှ အားကစားသမားများက ဇေယျာသီရိ တပ်မတော်အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက (ခ)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ (က) အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၉၉) ခြေလျင်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို အသန့်ရှင်းဆုံးအသင်းဖလားဆု၊ ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း။

**(ခ)အဆင့်ပြိုင်ပွဲ**

တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက (ခ) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး ကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ကို ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။



စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၉၉) ခြေလျင်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းအား ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးက (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးက (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးကစားသမား ဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမား ဆုရရှိသူများနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က (က) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (က)အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အသင်းကိုလည်းကောင်း ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်အခု ၅၀၊ ငွေတံဆိပ် ၃၅ ခု၊ ကြေးတံဆိပ် ၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၂၂ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု အသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့် ချီတက်၍ လက်ဝှေ့ရမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြ နှုတ်ဆက်ကြသည်။

### မီးရှူး၊ မီးပန်းများ ပစ်ဖောက်

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၅၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



(၅၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများ ဂုဏ်ပြုပစ်ဖောက်စဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က (ခ)အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

☆ **ကျောဖုံးမှ**

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး Mr. Yusuke Watanabe တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးကျင်းပ



(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) နှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး/ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေမှုများ တားဆီးနှိမ်နင်းရေး၊ နယ်မြေသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့မှ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်သမားများကို ဘင်္ဂလားဒေ့ရှ်နယ်မြေတွင် လုံးဝအခြေပြုခိုအောင်းခွင့် ပြုမည်မဟုတ်ကြောင်း၊ တားဆီးနှိမ်နင်းရေးကို မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်ခြင်း၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်အောင် အပြန်အလှန် နားလည်ယုံကြည်မှုများ တည်ဆောက်ခြင်း စသည်တို့ကို ပိုမိုမြှင့်တင်နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

ထို့ပြင် ယနေ့နံနက် ၉ နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ၏ (၈)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးအဆင့်အစည်းအဝေးတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသဘောတူညီခဲ့ကြသည့် Joint Record of Discussion–JRD ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc)တို့က အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ အစည်းအဝေးကျင်းပမှုနှင့် ဆွေးနွေးသဘောတူညီမှု ရလဒ်များနှင့်ပတ်သက်၍ မီဒီယာများကို ရှင်းလင်းပြောကြား၍ သတင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၅ ဦး၊ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီး ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ အစည်းအဝေးတွင် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကုန်းမြေနှင့် မြစ်ကြောင်းအတွင်း ပူးတွဲကင်းလှည့်မှုများ ပိုမိုဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်အုပ်စုများတိုက်ဖျက်ရေး၊ ရာဇဝတ်ဂိုဏ်းများ၏ နယ်စပ်ဖြတ်ကျော်သွားလာမှုများ ကြိုတင်ကာကွယ်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင် နယ်နိမိတ်ဖြတ်ကျော်ခိုးဝင်/ခိုးထွက်မှုများ ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုအားနည်းချက်များကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလဒ်များနှင့် ပတ်သက်၍ ကြိုတင်မြော်တွေး သုံးသပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အချက် ၁၄ ချက်ကို သဘောတူညီခဲ့ကြသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုတွင် အိမ်နီးချင်းနှစ်နိုင်ငံ၏ နယ်ခြားစောင့်တပ်ဖွဲ့များသည် ညီရင်းအစ်ကို စိတ်ဓာတ်၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**သဘောတူညီ**

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်မှုများ ဆောင်ရွက်ရန်၊ တပ်ရင်းမှူးအဆင့်၊ ဒေသကွပ်ကဲမှုအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတို့ကို နှစ်ဖက်သဘောတူညီထားသည့်အတိုင်း လစဉ်၊ နှစ်စဉ် ကျင်းပပြုလုပ်ရန်၊ ဘင်္ဂလားဒေ့ရှ်ပိုင်နက်နယ်မြေကို အသုံးချ၍ အခြားနိုင်ငံအပေါ်ဆန့်ကျင်မည့် မည်သည့်အုပ်စုကိုမဆို ခွင့်ပြုသွားမည်မဟုတ်ဘဲ ရှာဖွေစုံစမ်း ပိတ်ဆို့တားဆီးနှိမ်နင်းရန်၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများကို ကြိုတင်တားဆီးကာကွယ်သွားရန်၊ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုသည် မူးယစ်ဆေးဝါးနှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ခိုးဝင်မှုများ ဖြစ်ပေါ်စေသဖြင့် တားဆီးနှိမ်နင်းရေး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အောက်ခြေအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်အရာရှိကြီးအဆင့် ဆက်သွယ်မှုများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်ကြရန်၊ ယုံကြည်မှုတည်ဆောက်ခြင်း တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများ အခါအားလျော်စွာ ကျင်းပသွားရန်တို့ကို သဘောတူညီခဲ့ကြသည်။ အဆိုပါ ဆွေးနွေးသဘောတူညီမှုများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်

**နေပြည်တော် နိုဝင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမှုအပေါ်မူတည်ပြီး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အပြုသဘောထောက်ပံ့မှုများ ဆက်လက်ပေးအပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။



**သတင်းစဉ်**

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် အချိုးကျကိုယ်စားပြုစနစ်

ကိုရွှေဦး

မြန်မာနိုင်ငံတွင် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် Proportional Representation System (PRs)ဖြင့် ဆောင်ရွက်ရန် တောင်းဆိုလာကြသည်။ လွှတ်တော်သုံးရပ်စလုံးတွင် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR)ကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီအများစုက အဆိုပြုတင်ပြခဲ့ကြသည်။ လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်မှ အချိုးကျကိုယ်စားပြုစနစ်(PRs)သို့ ပြောင်းလဲဆောင်ရွက်ရန် အချိန်အခါကျရောက်နေပြီဖြစ်ကြောင်း နိုင်ငံရေးပါတီအများစုက အကြံပြုချက်များ ရှိလာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီများနှင့် လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များအနေဖြင့် ယင်းတို့ကို ထောက်ခံသည့်ဆန္ဒမဲများအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် မျှမျှတတ မှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များရွေးချယ်ပေးနိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းက လုပ်ဆောင်နိုင်သည်များဖြင့် အချိုးကျကိုယ်စားပြုစနစ် PRs ကျင့်သုံး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်
အဆိုတင်သွင်းခဲ့**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလိုဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းကြောင်း အဆိုကို ၃-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမမြောက်ရက်နေ့က တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်က ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရာ အဆိုအောင်မြင်ခဲ့ပြီး အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PRs) ကျင့်သုံးရေးဆိုင်ရာအဆိုကို အကောင်အထည်ဖော်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ အကောင်ထည်ဖော်ရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှုသဘောတရားအစုံနှင့် ပြည်သူတို့၏ဆန္ဒအစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသောရွေးကောက်ပွဲမျိုး ဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိသောအစိုးရမျိုး ဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ(၆) ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲ၊ ၁၉၆၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့အား လေ့လာခဲ့ရာ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှုရာခိုင်နှုန်းအချိုးအစားမကျမှုများပြားခဲ့ခြင်းအပေါ် ရွေးကောက်ပွဲစနစ်ကြောင့်ဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလများတွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရေးကို ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စားသူ ၂၀ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီ ၁၆ ပါတီက စာတမ်းများတင်ပြခဲ့သည်။ ထိုစာတမ်းများတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးကိစ္စသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့် သက်ဆိုင်သည့်အပြင် နိုင်ငံတော်၏သမိုင်းကြောင်း၊ ဖြစ်ပေါ်တိုးတက်လာသည့် နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း သက်ဆိုင်နေကြောင်း၊ သမိုင်း၏တောင်းဆိုမှုအရ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ်ဆီသို့ အရောက်ချီတက်မည်ဆိုပါက ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးသည် မရှိမဖြစ်ဖြတ်ကျော်ရမည့် အရေးကြီးသောအခန်းကဏ္ဍဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးမှသည် တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးအတွက် လွှတ်တော်အသီးသီးတွင် အားလုံးပါဝင်စေသော ကိုယ်စားပြုမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် (PRs) ဖြစ်ပေါ်လာရေးကိုစတင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ PRs စနစ်ကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်း ဝင်ရောက်နိုင်မှုအခွင့်အရေးပိုမိုရရှိလာနိုင်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ အခွင့်အရေးကို အာမခံနိုင်ခြင်း၊ မဲအဟောသိကံဖြစ်မှုမရှိနိုင်ခြင်း၊ ရွေးကောက်ပွဲများအပေါ် ပြည်သူစိတ်ဝင်စားမှုရှိလာပြီး မဲလာပေးမှု (Turn Out) ကောင်းလာနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusiveness) ပိုမိုရရှိလာနိုင်ခြင်း၊ အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်းပါဝင်နိုင်ရေးကို လက်တွေ့ကျင့်သုံးလာနိုင်ခြင်း၊ ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊ ဒီမိုကရေစီအာဏာရှင်စနစ်ကို ကာကွယ်ဟန့်တားနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးစီးပွားများကိုရရှိလာနိုင်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PRs) ရွေးကောက်ပွဲပုံစံသစ်ကို အရေးပေါ်ကာလလုပ်ငန်းတာဝန်များ ပြီးဆုံးပြီးနောက် ကျင်းပမည့်ရွေးကောက်ပွဲတွင် စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**ဒီမိုကရေစီယဉ်ကျေးမှုကို
ပျိုးထောင်ရာလည်းရောက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကိုလိုနီခေတ်ကာလ၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်ကာလ၊ ၂၀၁၀ မှ ၂၀၂၀ ဒီမိုကရေစီကာလများတွင် ကျင့်သုံးခဲ့သော ရွေးကောက်ပွဲစနစ်မှာ နိုင်သူအကုန်ယူ (Winner takes all) FPTP စနစ်များသာဖြစ်ကြောင်း၊ သို့သော်လည်း FPTP စနစ်၏ အားနည်းချက်ကြောင့် လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းက လွှမ်းမိုးခြင်း၊ ထိုအနိုင်ရပါတီ၏အကျိုးကို လွှတ်တော်အတွင်းဖော်ဆောင်၍ ပြည်သူ့အကျိုးကိုမျက်ကွယ်ပြုလာခြင်း၊ လွှတ်တော်တွင် တိုင်းရင်းသားပါတီများ၏အသံ (Voice) ထွက်ခွင့်၊ ပါတီစုံပါဝင်ခွင့်မရသဖြင့် ကျန်ပါတီများကို ထောက်ခံသော ပြည်သူများက ပေးခဲ့သောမဲများ Waste ဖြစ်ခြင်းစသည့် ဆိုးကျိုးများ ခံစားခဲ့ရကြောင်း၊ တိုင်းရင်းသား ၁၃၅ မျိုးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးမှသာလျှင် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို သိရှိဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ဖက်ဒရယ်(Federal)ဆိုင်ရာ အခွင့်အရေးများကို လွှတ်တော်လမ်းကြောင်းမှ ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားအစုံအလင်၊ ပါတီအစုံအလင်ပါဝင်သော သက်တံရောင်စုံလွှတ်တော် ဖော်ဆောင်ခြင်းသည်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရာရောက်ပြီး ဒီမိုကရေစီယဉ်ကျေးမှုကို ပျိုးထောင်ရာလည်းရောက်သောကြောင့် အချိုးကျကိုယ်စားပြုစနစ်(PRs)ကို ရွေးကောက်ပွဲတွင် ကျင့်သုံးသင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**ဆွေးနွေးညှိနှိုင်းရရှိချက်များကို
စာတမ်းများဖတ်ကြား**

ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကို လွှတ်တော်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံရေးပါတီများကို အစုအဖွဲ့များ ဖွဲ့စည်း၍ သက်ဆိုင်ရာမိမိတို့အစုအဖွဲ့လိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့်ဆောင်ရွက်ရာတွင်အသုံးပြုသင့်သည့်ရွေးကောက်ပွဲဒီဇိုင်းနှင့် မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ဆွေးနွေးပွဲများတွင် အစုအဖွဲ့များအလိုက် အသေးစိတ်ဆွေးနွေးညှိနှိုင်းနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဆွေးနွေးညှိနှိုင်းရရှိချက်များကို အစုအဖွဲ့လိုက် စာတမ်းများဖတ်ကြားတင်ပြခဲ့ကြပါသည်။

အစုအဖွဲ့လိုက် ဆွေးနွေးကြရာတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PRs)ဖြင့် ကျင်းပခြင်းကို တက်ရောက်လာသော ပါတီများအားလုံးက သဘောတူပါကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် **မဲဆန္ဒရှင်များနှင့် မဲရေတွက်သူများအတွက် အခက်အခဲအနည်းဆုံးဖြစ်မည့် "စာရင်းပိတ်စနစ် (Closed List –PR)"** ကို ကျင့်သုံးသင့်ကြောင်း၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေများ သတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့် လူဦးရေအပေါ်အခြေမခံဘဲ မြို့နယ်ကိုအခြေခံတွက်ချက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယခင်က ရရှိခဲ့သည့် ကိုယ်စားလှယ်ဦးရေများအတိုင်း ခွဲဝေသတ်မှတ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရရှိသည့် ကိုယ်စားလှယ်ဦးရေအပေါ်မူတည်၍ မဲဆန္ဒနယ်မြေများ သတ်မှတ်ရာ၌မူ တတ်နိုင်သမျှ လူဦးရေအချိုးအစားညီမျှရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ပါတီများအတွက် အနိမ့်ဆုံးဝင်ပေါက်အချိုးစံ (Threshold) သတ်မှတ်ရာတွင် မြင့်လွန်းခြင်းနှင့် နိမ့်လွန်းခြင်း အစွန်းတရားများကို ရှောင်ရှားပြီး ထောက်ခံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်သတ်မှတ်ရာတွင် တစ်နိုင်ငံလုံးအပေါ် လွှမ်းခြုံတွက်ချက်ခြင်းမဟုတ်ဘဲ မဲဆန္ဒနယ်တစ်ခုချင်းအလိုက် ဆောင်ရွက်သင့်ပါကြောင်း၊ မဲရေတွက်ပုံ နည်းလမ်းအဖြစ် Closed List –PR တွက်ချက်မှုစနစ်ဖြစ်သည့် အများဆုံးအကြွင်းကိန်းနည်းကို လက်ခံကျင့်သုံးသင့်ပါကြောင်း၊ မဲရုံတိုင်းတွင် မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ပါတီကို မဲပေးနိုင်ရန်အလို့ငှာ မဲရုံအဝတွင် ဗီနိုင်း၊ ပိုစတာများဖြင့် ပါတီ၏အမည်အောက်တွင် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့် အမည်ကို ဖော်ပြပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သို့မှသာ မဲဆန္ဒရှင်သည် ၎င်းကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို မျက်မြင်ကြည့်ရှု၍ လွယ်ကူစွာဖြင့် ၎င်းကိုယ်စားလှယ်လောင်း၏ ပါတီအား မဲပေးနိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်ရန်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**"စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်" ကို
ကျင့်သုံးရန်အသင့်မြတ်ဆုံးဖြစ်**

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် ဆွေးနွေးရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပရမည့် လွှတ်တော်သုံးရပ်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PRs) ကျင့်သုံးရေးအတွက် သဘောတူပါကြောင်း၊ "စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်" (Closed List – PR) ကို ကျင့်သုံးရန်အသင့်မြတ်ဆုံးဖြစ်ပြီး ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို တွင်ကျယ်စွာ ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ Closed List –PR System ကို စတင်အသုံးပြုသင့်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှုအခြေအနေနှင့် နိုင်ငံရေးရေချိန်မြင့်တက်လာမှုအခြေအနေတစ်ရပ်သို့ ရောက်ရှိချိန်မှသာလျှင် Open List – PR System သို့မဟုတ် အခြား PR System Design များကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွက် လွှတ်တော်ကိုယ်စားလှယ်များကိုမူ မဲအများဆုံးရသူ အနိုင်ရသည့်စနစ် (FPTP) ဖြင့်သာကျင့်သုံးသင့်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် (PRs) အရဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့်သော်လည်းကောင်း ကန့်သတ်ရန်လိုအပ်ကြောင်း ဆွေးနွေးတင်ပြပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ဆွေးနွေးရာတွင် မဲဆန္ဒရှင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၊ တိုင်းရင်းသားလူနည်းစုများ အားလုံးပါဝင်နိုင်ပြီး တစ်ပါတီကြီးစိုးမှုကိုပါ ကန့်သတ်နိုင်သော အချိုးကျ ကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊

စာမျက်နှာ ၇ သို့

> **"အချိုးကျကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် ကိုယ်စားပြုမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ ဥပဒေနှင့်ညီညွတ်မျှတမှုတို့ ရှိလာမည့်အပြင် ပါတီများမှထောက်ခံတင်ပြထားသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်အရ ပါတီအမည်ကိုမူတည်သည့်စနစ်ဖြစ်ရာ မဲဆန္ဒရှင်တို့က ပါတီကိုသာ မဲပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာပါတီက ကိုယ်စားလှယ်အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ တင်ပြထားရသည့်စနစ်ဖြစ်သဖြင့် မဲပေးမည့်ပြည်သူလူထုအနေဖြင့် ယခင်ရွေးကောက်ပွဲများတွင် မဲပေးသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မဲပေးရလွယ်ကူကြောင်းတွေ့ရှိရ"**

● စာမျက်နှာ ၆ မှ

အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးရာတွင် Closed List– PR စနစ်ကို ရွေးချယ်ကျင့်သုံးသင့်ကြောင်း၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်ရာ၌ FPTP စနစ်ကိုသာ အသုံးပြုရန် အကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို Closed List – PR စနစ်ကို ကျင့်သုံးရန် မဲရလဒ်များတွက်ချက်ခြင်းကို ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula)ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် မြို့နယ်အလိုက်၊ ခရိုင်များအလိုက် သတ်မှတ်ခြင်းမပြုဘဲ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး ကိုယ်စားလှယ်နှစ်ဦးစီကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ဖြင့်သာ ရွေးကောက်တင်မြှောက်ရန် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်နိုင်ရေး PRs စနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ဆန့်ကျင်မှု ရှိ/ မရှိ စိစစ်သုံးသပ်ရန်လိုအပ်လာပါသည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၀၉ (က) တွင် "ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ" ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဧရိယာကျယ်ပြန့်စွာဖြင့် မဲဆန္ဒနယ်များ သတ်မှတ်ပေး၍လည်းကောင်း၊ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၄၁ (က) တွင် "တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး" ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလျှင် PR စနစ်အတွက် မဲဆန္ဒနယ်တစ်ခုစီ သတ်မှတ်၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုအတွက် FPTP စနစ်ကျင့်သုံး၍ မဲဆန္ဒနယ်ခြောက်ခု သတ်မှတ်၍လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၆၁(က)တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ"ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ဆန့်ကျင်မှုမရှိဘဲဆောင်ရွက်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ တိုင်းရင်းသားလူမျိုးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၆၁(ခ)(ဂ)တွင် " နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့်---" ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအား ယခင် FPTP စနစ်ဖြင့်ပင် မဲဆန္ဒနယ် ၂၉ ခု သတ်မှတ်၍ ရွေးကောက်တင်မြှောက်နိုင်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (ဂ)တွင် "မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း" ဟူ၍ ပြဋ္ဌာန်းထားချက်အရ ဥပဒေနှင့်အညီ လွှတ်တော်သုံးရပ်အတွက် မဲဆန္ဒနယ်မြေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက်မူ First Past The Post (FPTP) စနစ်ဖြင့်သာ ရွေးချယ်သွားရမည်ဖြစ်ပါသည်။

## ဘုံသဘောတူညီချက်များ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ (၄)ကြိမ်မြောက်တွေ့ဆုံညှိနှိုင်းချက်များအရ အောက်ပါအတိုင်း ဘုံသဘောတူညီချက်များ ရရှိခဲ့ပါသည်-

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ်(Closed List– PR)စတင်ကျင့်သုံးရန်၊

(ခ) မဲဆန္ဒရှင် ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲ အတွေ့အကြုံနှင့် နိုင်ငံရေး ယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် (Open List –PR) သို့မဟုတ် အခြား PR စနစ်တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက် တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကို ပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁(ခ)ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

(င ) Closed List –PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊

(စ ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့်ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်းပိုစတာများကို မဲရုံအဝင်ပေါက်အနီးတွင် ထားရှိပေးရန်၊

(ဆ) Closed List–PR စနစ်၏ မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်တစ်ဦး ရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ (Threshold) သတ်မှတ်ရန်၊

(ဇ ) PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ ညွှန်ကြားကြပ်မတ် ထိန်းကျောင်းခြင်းဖြင့်သော်လည်းကောင်း ကန့်သတ်ရန်၊

(ဈ ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီအများစု ဘုံသဘောတူညီချက်အရ လွှတ်တော်ရွေးကောက်ပွဲများတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်မှ အချိုးကျကိုယ်စားပြုစနစ်တွင် ပါဝင်သော Closed List – PR ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရမည်ဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁၊ ပုဒ်မ ၁၆၁ တို့ပါ လွှတ်တော်အသီးသီး ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) ပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်သော မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းကို PR စနစ်နှင့် ကိုက်ညီသော မဲဆန္ဒနယ်များအဖြစ် ပြင်ဆင်သတ်မှတ်ရန်၊

(ခ) ဥပဒေနှင့်အညီ ဖြစ်စေရန် ပြောင်းလဲကျင့်သုံးမည့် PR စနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ပြင်ဆင်ရန်လိုအပ်သော လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ပြဋ္ဌာန်းခြင်း၊ နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် လုပ်ငန်းလမ်းညွှန်များ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ ပါတီကိုသာ ဆန္ဒပြုမဲပေးရသည့် Closed List – PR နှင့် ကိုက်ညီသော ဆန္ဒမဲလက်မှတ်အသုံးပြုခြင်း၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း၊ မဲရုံအလိုက် မဲရလဒ်များ ရေတွက်ခြင်းနှင့် ကြေညာခြင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ပေါင်းစည်းရေတွက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ ပေါင်းစည်းရေတွက်ခြင်းနှင့် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေအား တွက်ချက်ခြင်း၊ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုတွဲများ တင်သွင်းခြင်းစသည့် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ လွန်ကာလလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအား ရွေးကောက်ပွဲ အသိပညာပေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း။

အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် ကိုယ်စားပြုမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ ဥပဒေနှင့်ညီညွတ်မျှတမှုတို့ရှိလာမည့်အပြင် ပါတီများမှ ထောက်ခံတင်ပြထားသည့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ်အရ ပါတီအမည်ကိုမူတည်သည့် စနစ်ဖြစ်ရာ မဲဆန္ဒရှင်တို့က ပါတီကိုသာမဲပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာပါတီက ကိုယ်စားလှယ်အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ တင်ပြထားရသည့်စနစ်ဖြစ်သဖြင့် မဲပေးမည့် ပြည်သူလူထုအနေဖြင့် ယခင်ရွေးကောက်ပွဲများတွင် မဲပေးသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မဲပေးရလွယ်ကူကြောင်း တွေ့ရှိရသည်။

## အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ရွေးချယ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက "လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရသည့် (FPTP)စနစ်မှ အချိုးကျကိုယ်စားပြုစနစ် (PRs)သို့ ပြောင်းလဲဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးချက်များအပေါ် မူတည်၍ မိမိနိုင်ငံနှင့် သင့်လျော်ပြီး ဥပဒေနှင့်လည်း ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့်ဥပဒေများကို ပြင်ဆင်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"၊ "လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း"၊ "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ဖော်ကိုင်ဖက်နိုင်ငံရေးပါတီများနှင့်လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များ၊ ယင်းတို့ကို ထောက်ခံသည့်ဆန္ဒမဲများအရ ပါဝင်လာနိုင်ပြီး မျှမျှတတ မှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ရွေးချယ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှာ နောက်ဆုံးလုပ်ငန်းစဉ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့ဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အခြေအနေတွေ ဖန်တီးပေးရပါမယ်။ ကြိုတင်ပြင်ဆင်မှုတွေဆောင်ရွက်ကြရပါမယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေလုပ်မယ်ဆိုတာ ကတိပြုပါတယ်" ဟုပြောကြားခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လာမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် သေချာပါသည်။ လာမည့်ရွေးကောက်ပွဲကိုအချိုးကျကိုယ်စားပြုစနစ်ဖြင့် ပြောင်းလဲကျင်းပရန် အဆင်သင့်အနေအထားဖြစ်နေသည်ကိုလည်း တွေ့နေရပါသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန် နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်နေသဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ခေတ်ကာလအခြေအနေ၏ တောင်းဆိုချက်များအရ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အနာဂတ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် အရေးပါသည့် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ရဲရဲဝံ့ဝံ့ပြောင်းလဲကျင်းပပြီး တိုင်းရင်းသားလူမျိုးစုငယ်များအကျိုး၊ ပြည်သူလူထုအများစုကောင်းကျိုး၊ အနာဂတ်မြန်မာနိုင်ငံတော်ကြီး၏ အကျိုးတို့ကို မျှော်မှန်းကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်

## ပဒေသာကပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ညစဉ်ဖျော်ဖြေတင်ဆက်မည်





**နေပြည်တော် နိုဝင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ လေ့ကျင့်နေမှုများကို ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ညစဉ်ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ ပထမသုံးရက်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များ စုပေါင်း၍လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များကလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက လည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေ တင်ဆက်မှုများကို MRTV– HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းနှင့် ည ၈ နာရီသတင်း ထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီအထိ ဖျော်ဖြေခဲ့သည့် အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ ညနေ ၄ နာရီသတင်း ပြီးချိန်မှ ညနေ ၆ နာရီအတွင်း Delay ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**




## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ရက်နေ့အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ညစဉ်ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ ပထမသုံးရက်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များ စုပေါင်း၍လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက လည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV– HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ည ၈ နာရီသတင်း ထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီအထိ ဖျော်ဖြေခဲ့သည့် အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ ညနေ ၄ နာရီသတင်းပြီးချိန်မှ ညနေ ၆ နာရီအတွင်း Delay ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



**ညောင်လေးပင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ပွန်တန်ဆာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၁ နာရီတွင် လူငယ်စကားဝိုင်းကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်း၊ တွဲဖက်ဦးဆောင် ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးစန္ဒာဝင်းတို့က စတင်ဆွေးနွေးရာ Grade(11)နှင့် Grade(10) ကျောင်းသားကျောင်းသူ ခြောက်ဦးက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့၊ လူငယ်နှင့်ငြင်းခုံခြင်း၊ Facebook ကို ဘာအတွက်အသုံးပြုမလဲ၊ လူငယ်နှင့် မိမိကိုယ်မိမိ ယုံကြည်အားကိုးစိတ်၊ လူငယ်နှင့်ဆေးလိပ်အန္တရာယ် အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ကျောင်းသားကျောင်းသူများက မိမိတို့ သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နီနီဝင်း(ပြန်/ဆက်)**

**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ**

# နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း တိုးတက်များပြားလာသည့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စေရေး အတွက် လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ် ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၊ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အရနှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်အရ လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်သည် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် အချိန်နှင့် ကုန်ကျစရိတ်များ သက်သာစွာဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်အကောင်အထည်ဖော်သည့်စနစ် တစ်ခုဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ကုန်သွယ်မှုလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သော ထိရောက်မှုရှိသည့် ခေတ်မီကုန်စည်ရှင်းလင်းရေးစနစ်ဖြစ်၍ ယင်းလုပ်ငန်းစဉ်တွင် ကုန်သွယ်မှုဆက်စပ်ဌာနများ၊ ပုဂ္ဂလိကကဏ္ဍများအားလုံး ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ရသည့်စနစ်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် "နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၇/ ၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ယနေ့အစည်းအဝေးတွင်ဦးဆောင်ကော်မတီ၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်(Terms of Reference–TOR)၊ စနစ်တည်ထောင်ခြင်းအတွက် လမ်းပြမြေပုံ (Road Map) တို့ကို အတည်ပြုထုတ်ပြန်နိုင်ရေး၊ နည်းပညာလုပ်ငန်းအဖွဲ့နှင့် ဥပဒေလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးတို့အတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မည့် နည်းပညာပုံစံနှင့် လုပ်ငန်းအစီအမံများကို အတည်ပြုချမှတ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများက ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်နိုင်ရန် တွန်းအားပေးကြပ်မတ်ခြင်း၊ စနစ်အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို စောင့်ကြည့်သုံးသပ်၍ လိုအပ်သော လမ်းညွှန်မှုများချမှတ်ခြင်း၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေတွက်ချက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြခြင်း စသည်တို့ကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက် အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်ကို အသိပညာ ဗဟုသုတရှာဖွေသူ ပြည်သူလူထုကို အထောက်အပံ့ဖြစ်စေရန်၊ စာဖတ်ရှိန်မြင့်မားရေးနှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ဘဝနေထိုင်ရေးတွင် အထောက်အကူဖြစ်စေမည့် ဗဟုသုတဆိုင်ရာ စာအုပ်စာပေများကို လက်တွေ့အကျိုးရှိစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် မြန်မာဘာသာစာအုပ်များ၊ အင်္ဂလိပ်ဘာသာစာအုပ်များ၊ ဘွဲ့ယူကျမ်းများ၊ ပြည်ပမှ ထုတ်ဝေသည့် မြန်မာနိုင်ငံအကြောင်းဆိုင်ရာစာစုများ၊ စာနယ်ဇင်းများ၊ ရှေးဟောင်းပေစာ၊ ပုရပိုက်များ စသည့် စာပေ အနုပညာပစ္စည်းများကို စုဆောင်းထိန်းသိမ်းပြီး အများပြည်သူကို ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း၊ ထို့အပြင် e-Library စာဖတ်ခန်းတွင်လည်း အင်တာနက်ကို အသုံးပြု၍ စာပေဗဟုသုတများကို ရှာဖွေဖတ်ရှုနိုင်ပြီဖြစ်ပါကြောင်း၊ အမျိုးသားစာကြည့်တိုက်၏ ရည်မှန်းချက်ဖြစ်သည့် "အမျိုးသားစာပေအမွေအနှစ်များ စုဆောင်းထိန်းသိမ်းဝန်ဆောင်မှုပေးရာ ဗဟိုဌာနဖြစ်လာစေရန်"ဆိုသည့် ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအရပ်ရပ်တွင်ရှိသည့် ရှေးဟောင်းစာပေအမွေအနှစ်များကို စုဆောင်းခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများကို ဒစ်ဂျစ်တယ်ပုံစံဖြင့် အများပြည်သူ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြင့်မားရေးအတွက် အသိပညာဗဟုသုတရှာမှီးရေးသည် အလွန်အရေးကြီးပါကြောင်း။

အသိပညာဗဟုသုတ၏ အခြေခံသည် စာပေဖြစ်သည့်အတွက် စာပေမြင့်မှ လူမျိုးမြင့်မည်ဆိုသည့် ဆောင်ပုဒ်အတိုင်း စာပေနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များက တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးစာကြည့်တိုက်အစီအစဉ်အနေဖြင့် ကလေးများစာကြည့်တိုက် အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း အလေ့အထ ပြုစုပျိုးထောင်ပေးနိုင်ရေး၊ ပြင်ပဗဟုသုတနှင့် အတွေ့အကြုံကောင်းများ ရရှိစေရေးအတွက် နေပြည်တော်ဝန်းကျင်ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်များလည်း ပါရှိမည်ဖြစ်ပါကြောင်း၊ ပျော်ပွဲရွှင်ပွဲ၊ အမှတ်တရ ဈေးရောင်းပွဲလည်း ပါရှိမည်ဖြစ်ပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေသည့် စာအုပ်များ၊ ပြင်ပမှ စာအုပ်အရောင်းဆိုင်များ၊ စာကြည့်တိုက်အမှတ်တရပစ္စည်းများနှင့် အစားအသောက်များ ရောင်းချသွားမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်ကလေးများအား စာများများဖတ်ရန် တိုက်တွန်းလိုပါကြောင်း၊ ကံချင်းတူလျှင် ဉာဏ်ရှိသူက ရှေ့သို့ ရောက်ပါကြောင်း၊ ဉာဏ်ချင်းတူလျှင် ဝီရိယရှိသူကသာပါကြောင်း၊ ဝီရိယရှိသူချင်းတူလျှင် စာဖတ်သူက ရှေ့သို့ရောက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ရှားပါးစာအုပ်ပြပွဲ ခင်းကျင်းထားမှုများနှင့် ကလေးစာကြည့်တိုက်အစီအစဉ် ကျင်းပနေမှုများကို ကြည့်ရှုကြသည်။ ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်ကို ယနေ့မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၂/ ၂၀၂၂) ဆင်းပွဲကျင်းပ

သထုံ နိုဝင်ဘာ ၂၅

မွန်ပြည်နယ် သထုံခရိုင်မီးသတ်ဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း (၂/၂၀၂၂) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက သထုံမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ၊ အခြေခံကြိုးချည်နည်းများ၊ ကြိုးအသုံးပြု၍ ကယ်ဆယ်ခြင်းနည်းစနစ်များ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်းများ၊ အသက်ရှူကိရိယာအသုံးပြုခြင်းနှင့် အမှောင်ထုအတွင်းလှုပ်ရှားသွားလာခြင်း၊ ရေတွင်းအသက်ကယ်ဆယ်ရေး၊ တောင်ပေါ်အသက်ကယ်ဆယ်ရေး၊ အဆောက်အဦပြိုကျမှု ရှာဖွေကယ်ဆယ်ရေး၊ ယာဉ်မတော်တဆမှုများ အခြေခံအသက်ကယ်နည်းစနစ်နှင့် လူနာသယ်ဆောင်နည်း စသည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို (၁၀) ရက်ကြာ စာတွေ့ လက်တွေ့ ပို့ချပေးခဲ့ပြီး သထုံခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးပရဟိတအသင်းများမှ သင်တန်းသား စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အမိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံက ပြည်သူပြည်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ရဲ့ ဘာသာရေး၊ လူမှုရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမယ်ဆိုရင် သာယာဝပြောတဲ့ လူ့ဘောင်လောကကြီးကို တည်ထောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်

Bajrang Lal Sharma (ခ) ဦးမောင်မောင်

သတင်းအဖွဲ့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။

**Bajrang Lal Sharma (ခ) ဦးမောင်မောင်၊ (သီရိပျံချီဘွဲ့)**
**(ဥက္ကဋ္ဌ – သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်)**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက နယ်ပယ်အသီးသီးမှာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတွေ၊ ဆောင်ရွက်လျက်ရှိကြတဲ့ ပုဂ္ဂိုလ်တွေကို ဘွဲ့အသီးသီးပေးအပ်ခဲ့ပါတယ်။

ဆုချီးမြှင့်ခံရသူ ဘာသာအသီးသီးက ပုဂ္ဂိုလ်တွေထဲမှာ ကျွန်တော်သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ သီရိပျံချီဘွဲ့ကို ချီးမြှင့်ခံရတဲ့အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ကျွန်တော်တို့ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်ဟာ ဗုဒ္ဓဝင်ပြပွဲကျင်းပရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဟိန္ဒူဓမ္မသင်ကြားပို့ချရေးကို ဆောင်ရွက်ခြင်း၊ ဇနကလျာဏအသင်း၊ ဟိန္ဒူအမျိုးသမီးများအဖွဲ့၊ ဟိန္ဒူလူငယ်များအသင်းတို့ ဖွဲ့ထားပြီး ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု စတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကပ်ဘေးကျရောက်တဲ့အချိန်အခါများမှာ အသင်းများအနေနဲ့ ကူညီထောက်ပံ့ရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလို လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှု အကျိုးပြုလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်တဲ့အတွက် နိုင်ငံတော်ကပထမဦးဆုံးအသိအမှတ်ပြု ချီးမြှင့်တဲ့အခါမှာ ကျွန်တော်တစ်ယောက်တည်းသာမက ကျွန်တော်တို့ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် အသင်းသား အသင်းသူတွေ၊ ဟိန္ဒူဘာသာဝင်တွေအားလုံး ဝမ်းသာပီတိဖြစ်ရပါကြောင်း ပြောလိုပါတယ်။

အမိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံက ပြည်သူ ပြည်သား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ရဲ့ ဘာသာရေး၊ လူမှုရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမယ်ဆိုရင် သာယာဝပြောတဲ့ လူ့ဘောင်လောကကြီးကို တည်ထောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဦးမောင်မြင့်(ခ)သျှီဝ (သီရိပျံချီဘွဲ့)**
**(ဥက္ကဋ္ဌ – မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပူဂျာရီ ပုရောဟိတ်ဘုန်းတော်ကြီးများ(ဗဟို)အဖွဲ့ချုပ်)**

ဆရာတော်တို့အနေနဲ့ နေ့စဉ်နဲ့အမျှ ဘုရား၊ ကျောင်းကန်တွေမှာ ပူဇော်ပွဲတွေနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုဆောင်ရွက်ရပါတယ်။ တပည့်ဒါယကာ၊ ဒါယိကာမတွေကိုလည်း ဆုတောင်းပေးရပါတယ်။ ဆရာတော်အနေနဲ့က ဘုရားပူဇော်တဲ့ကိစ္စရပ်တွေကိုပဲ အဓိကဆောင်ရွက်ပေးရပါတယ်။ အဲဒီထဲမှာပဲ သာရေး၊ နာရေးကိစ္စရပ်များကိုကူညီဆောင်ရွက်ပေးပါတယ်။ ယခုလို နိုင်ငံတော်အစိုးရကနေ ဘွဲ့တံဆိပ်ချီးမြှင့်ပေးတဲ့အတွက် ဆရာတော်နဲ့အတူ ဒါယကာ၊ ဒါယိကာမတွေလည်း အထူးဝမ်းသာပီတိဖြစ်ကြရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။



Bajrang Lal Sharma (ခ) ဦးမောင်မောင်



ဆရာတော်ဦးမောင်မြင့်(ခ)သျှီဝ



ဦးညွန့်ဆွေ



ဒေါ်ခင်လှမူ



ဦးမြင့်ဆန်းဟာတ်

နောက်ပိုင်းမှာလည်း ဆရာတော်တို့အဖွဲ့ချုပ်အနေနဲ့ သူ့အပိုင်းအပိုင်းနဲ့အတူ ဘာသာရေးကိစ္စရပ်တွေဆောင်ရွက်ပေးသွားကြမှာပါ။ ဆရာတော်တို့အပိုင်းကလည်း ဘာသာရေးနဲ့ကျမ်းဂန်တွေကို သင်ပေးတာတွေ၊ ပုရောဟိတ်ဆရာတွေကို မြှင့်တင်ပေးတာတွေကိုဆောင်ရွက်သွားမှာပါ။

ဆရာတော်က ၁၉၉၂ ခုနှစ်ကစပြီး ဘာသာရေးကိစ္စနဲ့ပတ်သက်တဲ့ ပူဇော်ပွဲကိစ္စရပ်တွေကို အခုအချိန်ထိဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆင်းရဲတဲ့ကျောင်းတွေကို အလှူဒါယကာတွေ စုပေါင်းပြီး ပြုပြင်ပေးခြင်း၊ ဘုရားတည်ပေးခြင်း၊ ခုနစ်ရက်သားသမီးတွေကို ဆုတောင်းပေးတာတို့ကို အစဉ်အမြဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုဆို ဘုရားကျောင်းပေါင်း ၂၀၀ မှ ၃၀၀ အထိရှိပြီဖြစ်ပါတယ်။ ဟောင်းနွမ်းနေတဲ့ ဘုရားကျောင်းတွေကို ပြုပြင်ခြင်း၊ ပုရောဟိတ်ဆရာတွေကို ဘာသာရေးအတွက် သင်ကြားပေးခြင်းနဲ့ နိုင်ငံခြားက ဆရာတော်တွေကိုခေါ်ပြီး ဘာသာရေးကိစ္စတွေ မြှင့်တင်ဆောင်ရွက်နေပါတယ်။ ထပ်ပြီးတော့လည်း ဘာသာရေးကိစ္စရပ်တွေကို ကြိုးစားဆောင်ရွက်သွားပါမယ်၊ အခုလို ဆရာတော်ကို နိုင်ငံတော်အစိုးရက သီရိပျံချီဘွဲ့ကိုချီးမြှင့်တဲ့အတွက် ဝမ်းသာရပါတယ်။

ဆရာတော်တို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူပြည်သား အားလုံးသဘာဝဘေးအန္တရာယ်မှ ကင်းငြိမ်းကြပါစေ၊ ခုနစ်ရက်သားသမီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ အမြဲတစေဆုတောင်းပေးလျက်ရှိပါတယ်။

**ဦးညွန့်ဆွေ လူမှုထူးချွန် (ပထမဆင့်)**
**(ဥက္ကဋ္ဌ – မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း)**

ဆုနဲ့ပတ်သက်လို့ကတော့ ဘဘအနေနဲ့ ဒါဆိုရင် နိုင်ငံတော်က ချီးမြှင့်တာ တတိယအကြိမ်လို့ ပြောရမယ်။ ပထမဆင့်က စီမံထူးချွန်ဆု၊ ဒါက ပထမဆင့်၊ အဲဒါ ၁၉၉၁ ခုနှစ်ကရတယ်၊ အခု အနှစ် ၃၀ လောက်ကြာတော့ လူမှုထူးချွန် ပထမအဆင့်ထပ်ရတယ်။ ဒီကြားထဲမှာ ၂၀၁၂ ခုနှစ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှာ ဝဏ္ဏကျော်ထင်ဘွဲ့ရခဲ့တယ်။ အဘက ဘာဖြစ်လို့ လူမှုထူးချွန်ဆုရသလဲဆိုတော့ အဘက ကိုယ့်ရဲ့ Professional နဲ့ရတာမဟုတ်ဘူး၊ ဒီဟာက လူမှုရေးနဲ့ပတ်သက်တဲ့ ဆောင်ရွက်ချက်၊ ဘဘက ဘာတာဝန်ယူထားရသလဲဆိုတော့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှာဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ အဲဒါကြောင့်မို့ သူတို့ကြေညာတဲ့ အထဲမှာလည်း သံအမတ်ကြီး အငြိမ်းစားတို့၊ ဗိုလ်မှူးကြီး အငြိမ်းစားတို့၊ ဒုတိယဝန်ကြီး အငြိမ်းစားတို့ ဒီလို မပါဘူး။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒီလိုပဲ ကြေညာတာပါ။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဆိုတာဟာ အားလုံးသိကြတဲ့အတိုင်းပဲ လွတ်လပ်ရေးရကတည်းက ပြည်သူလူထု အသိဉာဏ်ပွင့်လင်းအောင်၊ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင် ပြန်ကြားရေးဌာနက အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့တာပဲ။ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဆိုတာ သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်မှာ ဖွဲ့လိုက်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ စဖွဲ့တယ်။ NGO အဖြစ်နဲ့ အဖွဲ့ဖွဲ့ပြီးတော့ ပထမဆုံး လူကိုးယောက်နဲ့ ကော်မတီဖွဲ့လိုက်တယ်။ စာကြည့်တိုက်ထဲမှာ မြန်မာပြည်မှာ သမိုင်းတွင်တဲ့ စာကြည့်တိုက်တစ်ခုရှိတယ်။ သရက်မြို့လယ်ကောင်က သဟာရစာကြည့်တိုက်ဆိုတာ ၁၉၄၆ ခုနှစ်ကတည်းက ထူထောင်ထားတာ။ အဲဒီတော့ သရက်သူ၊ သရက်သားတွေက ဗိုလ်ချုပ်အောင်ဆန်း ဖွင့်ပေးတာဆိုပြီး ဂုဏ်ယူတယ်။ အမှန်တကယ်တမ်းကျတော့ ဖွင့်ပွဲမလုပ်ခင်မှာ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ်မှာပဲ ရောက်လာတယ်။ စာကြည့်တိုက်ဆိုတော့ ဝင်ကြည့်တယ်။ သဘောကျတယ်။ အဲဒီတုန်းက စာကြည့်တိုက်ထားတဲ့သိုတဲ့ပုံစံ၊ သမိုင်းနဲ့ပတ်သက်တဲ့ စာအုပ်တွေသဘောကျတယ်။ အဲဒီတော့ဗိုလ်ချုပ်အောင်ဆန်းက ဒီလိုစာကြည့်တိုက်မျိုး မြန်မာတစ်ပြည်လုံးမှာရှိအောင် ကြိုးစားကြဖို့လိုတယ်ဆိုပြီး ဒီလိုမှတ်ချက်ပေးသွားတယ်။

ပြည်နယ်တွေမှာ၊ တိုင်းတွေမှာ စာကြည့်တိုက်တွေ ပေါ်များလာတဲ့အခါ အတွေ့အကြုံဖလှယ်ဖို့အတွက် စာကြည့်တိုက်မှူးများ ညီလာခံကို လေးကြိမ်ကျင်းပခဲ့ပါတယ်။ ဘဘတို့ရဲ့ စာကြည့်တိုက်ဖောင်ဒေးရှင်းရဲ့လုပ်ငန်းဟာ ရေတိုတာဝန်ယူပေမယ့် ရေရှည်စီမံကိန်းအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပါတယ်ဆိုတဲ့ မူဝါဒအပေါ်မှာ အခြေခံတဲ့ စာကြည့်တိုက်ဖောင်ဒေးရှင်းဖြစ်ပါတယ်။ ဘဘတို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက သိပ်ကိုအားရှိသွားပြီ။ အစိုးရကလည်း ချီးမြှောက်တယ်။ ရေရှည်စီမံချက်အရလည်းပဲ လှုပ်ရှားသင့်တာကို လှုပ်ရှားပါတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းက အရှိန်အဟုန်နဲ့ ဆက်လက်လှုပ်ရှားကြဖို့တော့ဖြင့် အမှုဆောင် လူကြီးတွေအားလုံးက စိတ်အားထက်သန်နေကြပါတယ်။ အဲဒီလိုလေးပဲ သတင်းစကားပါးချင်ပါတယ်။

**(ဗိုလ်ချုပ်အေးကျော်)(သီရိပျံချီဘွဲ့)**
**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း (ဗိုလ်ချုပ်အေးကျော်)၏ဇနီး ဒေါ်ခင်လှမူ**

ကျွန်မက ဗိုလ်ချုပ်အေးကျော်ဇနီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ခုလိုဘွဲ့ရတယ်ဆိုတဲ့အခါကျတော့ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ အဘွားရဲ့ အမျိုးသား တာဝန်ထမ်းဆောင်ခဲ့တာက နေရာအနှံ့ပါပဲ။ **စာမျက်နှာ ၁၁ သို့** ❒

# မြန်မာ့စာတိုက်လုပ်ငန်း ရုံးချုပ်နှင့် နေပြည်တော်စာတိုက်ကြီး ဝန်ထမ်းများနှင့်အတူ မိသားစုမိတ်ဆုံနေ့လယ်စာ သုံးဆောင်

နေပြည်တော် နိုဝင်ဘာ ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သည် ယနေ့တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာ ကဏ္ဍမှ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင် နေကြသည့် မြန်မာ့စာတိုက်လုပ်ငန်း ရုံးချုပ်နှင့် နေပြည်တော်စာတိုက်ကြီးရှိ အရာထမ်း၊ အမှုထမ်း များကို အသိအမှတ်ပြုသောအားဖြင့် မိသားစုမိတ်ဆုံ နေ့လယ်စာစားပွဲကို ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာန အားကစားပြိုင်ပွဲများ၌ ဗိုက်ကျော့ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော မြန်မာ့စာတိုက် လုပ်ငန်းဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းများ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံး ညီညွတ်စွာဖြင့် အားကစားပြိုင်ပွဲများတွင် အားပေးခဲ့ ကြသည့် အလေ့အထကို ထိန်းသိမ်းသွားစေလို ကြောင်း၊ နိုင်ငံတော်က စိုက်ထုတ်ပေးနေရသည့် အရှုံးများ လျော့နည်းအောင်၊ ဝင်ငွေတိုးတက်ရရှိရေး နည်းလမ်းများလည်း ရှာဖွေပြီး ထပ်ဆောင်း ဝန်ဆောင်မှု(value added service)များဖြင့် မိမိ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးနေကြပြီး လုပ်ငန်းများ အရှိန်အဟုန်မပြတ် ရပ်တန့်မှုမရှိစေရေး ဆောင်ရွက်ပေးနေကြသော တစ်နိုင်ငံလုံးရှိ မြန်မာ့ စာတိုက်ဝန်ထမ်းများကို အသိအမှတ်ပြုမှတ်တမ်း တင်ကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ "VISION" ဖြစ်သည့် "Myanmar Post for Everyone" "လူတိုင်း အတွက် မြန်မာ့စာတိုက်လုပ်ငန်း" ဖြစ်စေရေး ပြည်သူ လူထုအတွက် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဝန်ထမ်းများအားလုံး အတူတကွ ကြိုးပမ်းဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း မိသားစုမိတ်ဆုံနေ့လယ်စာ သုံးဆောင်ခဲ့ကြပြီး ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိ လိုက်စားမှုနှင့်ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ် ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများ အကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစား တွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် (မူလတန်းနှင့်အလယ်တန်း)အဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထက(၈)၌ ကော်မရှင်က ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီ အစဉ်(ဆရာကိုင်) စာအုပ်များက သင်ခန်းစာနှင့် ပညာပေးအစီအစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးဆောင်ရွက်ခဲ့ရာ မူလတန်းအဆင့်မှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် အလယ်တန်း အဆင့်မှ ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက် ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ် ဖွယ်ရာစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများပေးအပ် သည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)ကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆိုင်ရာ နည်းပညာသင်တန်းပို့ချခဲ့ရာ CPU ၏ လုပ်ငန်း တာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure-SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference-TOR) ရေးဆွဲခြင်း၊ အဂတိ လိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment-CRA)၊ အများ ပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက် နိုင်ရေး လက်တွေ့လေ့ကျင့်ခြင်းကို ဆောင်ရွက်ရာ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

သတင်းစဉ်

❒ စာမျက်နှာ ၁၀ မှ

တပ်ရင်းမှူးကတော့ မော်လမြိုင် ခမရ(၁၀၄) မှာ ဖြစ်ပါတယ်။ တပ်ရင်းမှူးဖြစ်ပြီးတော့ တစ်ခါ G-1 က ပုသိမ်မှာဖြစ်ပါတယ်။ ပုသိမ်ကနေပြီးတော့ တစ်ခါ ရှေ့တန်းကတော့ အနှံ့အပြားပါပဲ။ ရှမ်းပြည် (မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ ကရင်ပြည်နယ်ကအစ အကုန်လုံးသွားခဲ့ရတယ်။ သူလုပ်ခဲ့ရတယ်၊ သူပင်ပန်းခဲ့ရပါတယ်။ နောက် လားရှိုးတိုင်းမှူး ဖြစ်ပါတယ်။ လားရှိုးတိုင်းမှူးကနေ တစ်ခါ ပြန်ကြား ရေးဝန်ကြီးဖြစ်တယ်။ အခုဆိုရင် သူဆုံးတာ ၂၅ နှစ်ရှိပါပြီ။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အတွက် သူက တာဝန်ကျေကျေနဲ့ အင်တိုက်အားတိုက် ကြိုးကြိုး စားစားနဲ့လုပ်ပါတယ်။ အမျိုးသားအောင်ပွဲနေ့မှာ ကျွန်မအမျိုးသားနဲ့အတူ အားလုံး ဘွဲ့တွေရတယ်လို့ ကျွန်မသိရပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူး တင်ပါတယ်။

**ဦးမြင့်ဆန်းဟာတ်**
**ဝိဇ္ဇာပညာထူးချွန်(တတိယဆင့်)**

ကျွန်တော့်ရဲ့ရည်ရွယ်ချက်က ဒီဆုရလို့ ကျွန်တော်ကြည်နူးတာထက် လေ့လာထားတဲ့ အကြောင်းအရာတွေကို နိုင်ငံတော်အနေနဲ့ အသိ အမှတ်ပြုလိုက်တဲ့အတွက်ကြောင့် ပညာရှင်တွေ၊ သုတေသီတွေ၊ လူငယ်တွေကလည်း ကျွန်တော့် ကြိုးစားမှုအပေါ်မှာ သူတို့အခွင့်အရေးတွေရကြ မယ်။ သမိုင်းကိုလေ့လာတဲ့အခါမှာ ကျွန်တော်တို့ အဘက်ဘက်က အများကြီးကို လေ့လာရမယ်။ ကျောက်စာအရ ဘယ်လိုပြောသလဲ၊ ရှေးဟောင်း ပစ္စည်းတွေက ဘယ်လိုပြောသလဲ၊ အကုန်လုံး လေ့လာပြီးတဲ့အခါမှာ ကိုယ်က ပြန်ပြီးတော့ realize လုပ်ရတယ်။ အထောက်အထားဆိုတာ အရေးကြီး တယ်။ မြန်မာနိုင်ငံသမိုင်းကို လေ့လာတဲ့အခါမှာ မြန်မာပညာရှင်တွေရေးတာတင် မဟုတ်ဘူး၊ တခြားနိုင်ငံက ပညာရှင်တွေကရော မြန်မာ သမိုင်းကို ဘယ်လိုမြင်သလဲ။ အကောင်းဆုံး အခိုင်မာဆုံး အထောက်အထား ဒါတွေကို ရွေးထုတ်၊ ရွေးထုတ်ပြီးတဲ့အခါကျတော့ ဒါကဖြစ်သင့်တယ်။ ဒါက မဖြစ်သင့်ဘူးဆိုတာ လေ့လာတဲ့ သူတွေရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ realize လုပ်၊ ကျွန်တော်က အဲဒီလိုပဲ ဖြစ်စေချင်တယ်။ ဒါ ကျွန်တော့်ရဲ့ ဆန္ဒပါ။ လူငယ်လေးတွေ မျက်စိဖွင့်ကြပါ။ ဖုန်းလေး ကြည့်ပြီးတော့ ဒီအပေါ်မှာတင်ပဲ ကြည်နူးမနေကြ ပါနဲ့။ ဒါကိုယ့်ရဲ့အနာဂတ်မဟုတ်ဘူး။ ကိုယ့်ရဲ့ အနာဂတ်က ဟိုးမှာ။ ဟိုးမှာဆိုတဲ့အခါကျတော့ မော့ကြည့်ကြပါ။ မျက်လုံးဖွင့်ပါ။ အဝေးကိုကြည့်ပါ။ ကျွန်တော်ပြောချင်တာက ဒါပါပဲ။

**ဦးဘုန်းမြင့်တေဇာ(နည်းပြ)**
**လူမှုထူးချွန်(တတိယဆင့်)**
**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အနေနဲ့ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ် အသီးသီးကို အခုလို ဘွဲ့တံဆိပ်တွေချီးမြှင့်ပေးတဲ့ အတွက် ကျွန်တော်အပါအဝင်အားလုံး ဝမ်းသာပီတိ ဖြစ်ရပါတယ်။ မျိုးဆက်သစ်တွေကို ကျွန်တော်တို့ ဆက်လက်မွေးထုတ်ပြီးတော့ အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် စွမ်းဆောင်နေပါတယ်။ အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ချီးမြှင့်ပေးတာဟာ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက် လို့ နိုင်ငံတော်ကချီးမြှင့်တယ်လို့ပဲ ကျွန်တော် ယူဆ ပါတယ်။ ကျွန်တော်တို့ လာမယ့်ဆီးဂိမ်းတိုင်း၊ အခု ကမ္ဘောဒီးယားပြီးသွားရင် ထိုင်းဆီးဂိမ်း အတွက် ကျွန်တော်တို့ အခုကတည်းက ကြိုတင် ပြင်ဆင်ထားရပါတယ်။ ကနူးကယက်ဆိုတာ



ဦးဘုန်းမြင့်တေဇာ



မသက်ဖြိုးနိုင်

အချိန်ပေးရတယ်၊ နှစ်နှစ်၊ သုံးနှစ် အနည်းဆုံးအချိန် ပေးရတယ်။ အဲဒီအတွက် အခုကတည်းက ကျွန်တော်တို့က မျိုးဆက်သစ်တွေရှာပြီးတော့ နည်းစနစ်တကျနဲ့ သင်ကြားပေးနေပါတယ်။ ဆီးဂိမ်းမှာ ရွှေရဖို့အတွက်ရယ်၊ နောက်ပြီး ဒီကလေး တွေကနေ အောင်မြင်မှုတွေရလာဖို့ ကျွန်တော်တို့ လက်ရှိသင်ကြားပြသပေးနေတာ ဖြစ်ပါတယ်။ အခု လို ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်။

**မသက်ဖြိုးနိုင် (ရိုးရာလှေ)၊ လူမှုထူးချွန်(ဒုတိယဆင့်)**
**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

အခု ဒီဆုကိုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဒီဆုရရှိခဲ့တာက ပြိုင်ပွဲတွေတိုင်းမှာ အစွမ်း ကုန်ကြိုးစားခဲ့တဲ့အတွက် ရလာတဲ့ဆုတွေအပေါ် မူတည်ပြီးတော့ နိုင်ငံတော်က ဆုချီးမြှင့်တယ်လို့ လည်း မြင်ပါတယ်။ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှား ဆီးဂိမ်းမှာဆိုလည်း ရွှေ ငါးခု ရခဲ့တယ်။ မြန်မာ ဆီးဂိမ်းမှာဆိုရင် ရွှေ ၁၀ ခု၊ ကြေးတစ်ခုရရှိခဲ့တယ်။ ဖိလစ်ပိုင်ဆီးဂိမ်းမှာလည်း ရွှေ တစ်ခု၊ ကြေးတစ်ခု ရရှိခဲ့တယ်။ အခု ဗီယက်နမ်ဆီးဂိမ်းမှာကျတော့ ကနူးကယက်လှေနဲ့ ကြေးသုံးခုရရှိခဲ့ပါတယ်။ အဲဒီအတွက် နိုင်ငံတော်က ဆုချီးမြှင့်တယ်လို့ မြင်ပါတယ်။ အခုလို ဆုချီးမြှင့်ခံရတဲ့အတွက် နောင်လာမယ့် မျိုးဆက်သစ်တွေလည်း ပြိုင်မယ့် ပြိုင်ပွဲတိုင်းကို စွမ်းစွမ်းတမံကြိုးစားကြပါ။ အောင်မြင်မှုတွေရရှိလာတဲ့အခါ နိုင်ငံတော်က ဆုချီးမြှင့်တဲ့အပြင် နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့တံဆိပ်တွေပါ ရရှိတဲ့အတွက်ကြောင့် ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာလည်း အလေးထားပြိုင်စေချင်ပါ တယ်။ ဒီလူမှုထူးချွန် ဒုတိယဆုကို ချီးမြှင့်ပေးတဲ့ အတွက်ကြောင့် နိုင်ငံတော်က တာဝန်ရှိတဲ့အကြီး အကဲတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေကို ကျေးဇူး တင်ပါတယ်။ ။

■

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်



နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

အဆိုပါဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် သရုပ်ဆောင်မိုးယံဇွန်နှင့် မြန်မာ့အသံမှ တေးသံရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်မိုးယံဇွန်နှင့် မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် သရုပ်ဆောင်မိုးယံဇွန်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ထောက်ပံ့ရေးကွင်းဆက်များ၏ အားသာချက်နှင့် အားနည်းချက်များကို ရှာဖွေဖော်ထုတ်

နေပြည်တော် နိုဝင်ဘာ ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်များကို စနစ်တကျချိတ်ဆက်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသော ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေးကွင်းဆက်များဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်သည်။




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံဖြင့် ဆက်စပ်လျက်ရှိကာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများစွာဖြင့် ပါဝင်ဖွဲ့စည်းလည်ပတ်နေသော လုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းများနှင့် ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်များမှာလည်း ကျယ်ပြန့်သည့်သဘောသဘာဝရှိကြောင်း၊ ယင်းလုပ်ငန်းများ အားကောင်းခိုင်မာနေခြင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပြီး ခရီးသွားလုပ်ငန်း ထွန်းကားလာခြင်းသည် MSMEs လုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာရေးအတွက် အားပေးရာရောက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ထောက်ပံ့ရေးကွင်းဆက်များ၏ အားသာချက်နှင့် အားနည်းချက်များကို ရှာဖွေဖော်ထုတ်၍ ထိထိရောက်ရောက် ဟန်ချက်ညီစွာ ယှဉ်တွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အပံ့များ ရရှိမည်ဟု ယုံကြည်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ ထုတ်လုပ်သူက စားသုံးသူသို့ ပို့ဆောင်ရခြင်းမျိုးမဟုတ်ဘဲ စားသုံးသူမှ ထုတ်လုပ်ရောင်းချသူသို့ လာရောက်ရခြင်းဖြစ်သည့်အတွက် မိမိတို့ဒေသ၏ ရိုးရာထုတ်ကုန်၊ လက်မှုအနုပညာများကို ကိုယ်တိုင်ဖော်ထုတ်တင်ဆက်ပြသနိုင်သော အားသာချက်များရှိကြောင်း၊ ယင်းအတွက် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်အား သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲက ခရီးသွားကဏ္ဍနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်းနှင့် တက်ရောက်လာကြသူများက တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ၏ အရေးပါမှုများနှင့် စိန်ခေါ်မှုများအကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက ဆွေးနွေးပွဲသဘာပတိအဖြစ် ဆောင်ရွက်ကာ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေဇင်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာခင်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ပါမောက္ခ ဒေါက်တာသီဟထွန်းနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းနှင့် ဒေါ်မျိုးမျိုးသန်းတို့က MSMEs နှင့် ခရီးသွားလုပ်ငန်းထောက်ပံ့ရေး ကွင်းဆက်များ၏ ဆက်နွှယ်မှုများနှင့် သဘောသဘာဝများ၊ MSMEs ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာလုပ်ဆောင်မှု အစီအစဉ်များ၊ နိုင်ငံအလိုက် ချမှတ်ထားသော ညွှန်းကိန်းများနှင့် အကောင်အထည်ဖော်နိုင်မှု၊ ထောက်ပံ့ရေးကွင်းဆက်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီးနောက် ဆွေးနွေးပွဲသဘာပတိက ဆွေးနွေးပွဲရလဒ်များကို သုံးသပ်ဖော်ထုတ်တင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၂၉) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်အခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီး၍ (၂၉) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့တွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (Multi Hazard Early Warning Center) အဆောက်အအုံတွင် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဆောင်ရွက်နေသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အွန်လိုင်းဖြင့် တက်ရောက်သော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရုံးများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ၂၀၂၂ ခုနှစ် မုတ်သုံရာသီကာလအားပြန်လည်သုံးသပ်ခြင်း၊ ဆောင်းရာသီကာလ (၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များကို တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုးရေးမိုးလေဝသအခြေအနေနှင့် လာမည့်ဆောင်းရာသီကာလအတွင်း ဖြစ်ပေါ်နိုင်မည့် လာနီညာအခြေအနေနှင့် ခန့်မှန်းချက်များအား တင်ပြခြင်း၊ ရာသီအလိုက်ခန့်မှန်းချက်များကို အသုံးပြုသည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အတွေ့အကြုံများနှင့် သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် လာမည့် ဆောင်းရာသီကာလအတွက် ခန့်မှန်းချက်များကို အသုံးပြု၍ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုကို အသေးစိတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ မုတ်သုံဖိုရမ်ကို ၂၀၀၇ ခုနှစ်မှစတင်၍ တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့ရာ ယခုအစည်းအဝေးသည် (၂၉) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံ၌ ပြည်တွင်းခရီးသည်များအား ခရီးသွားလာမှုကုန်ကျစရိတ် ဈေးနှုန်းလျှော့ချပေးသည့် အစီအစဉ်ကို၂၀၂၃ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည်

**တိုကျို နိုဝင်ဘာ ၂၅**

ဂျပန်အစိုးရသည် ပြည်တွင်းခရီးသွားများအား ဆွဲဆောင်မှုအနေဖြင့် ခရီးသွားလာမှုကုန်ကျစရိတ် ဈေးနှုန်းလျှော့ချပေးသည့် အစီအစဉ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ခရီးသွားလုပ်ငန်းဝန်ကြီးဆိုင်တိုတက်ဆူက ပြောကြားသည်။



နိုင်ငံအတွင်း အောက်တိုဘာလမှစတင်၍ အထက်ပါအစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဂျပန်နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများကို သုံးသပ်ပြီးမှသာလျှင် ပြည်တွင်းခရီးသည်များအား ခရီးသွားလာမှုကုန်ကျစရိတ် ဈေးနှုန်းလျှော့ချပေးသည့်အစီအစဉ်ကို လာမည့်နှစ်မည်သည့်အချိန်တွင် စတင်သင့်ကြောင်း ဆုံးဖြတ်သွားမည်ဟု ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ပြည်တွင်းခရီးသွားများ၏ ခရီးသွားလာမှုကုန်ကျစရိတ် ဈေးနှုန်းကို ၄၀ရာခိုင်နှုန်းအထိ လျှော့ချပေးနေသော်လည်း လာမည့်နှစ်တွင် ၂၀ရာခိုင်နှုန်းအထိသာ လျှော့ချပေးနိုင်မည်ဟု သိရသည်။

**ပြောကြား**

ဂျပန်နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းသည် လက်ရှိအချိန်တွင် ခရီးသွားလာသူများမြင့်တက်နေသော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမဖြစ်ပွားမီ အချိန်ကာလကရှိခဲ့သည့် ခရီးသွားအရေအတွက်ကို မပြည့်မီနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။ ဂျပန်အစိုးရသည် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ခရီးသွားလုပ်ငန်း ပြန်လည်လည်ပတ်ရေးအတွက် အစွမ်းကုန်ကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက် ၃၁၀ ရှိလာ

**ဂျကာတာ နိုဝင်ဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီက ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသူအရေအတွက် ၃၁၀ ရှိလာပြီး ၂၄ ဦးပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် အပျက်အစီးများအောက်၌ လူသေအလောင်းများ ထပ်မံတွေ့ရှိရသည့်အတွက် သေဆုံးမှုအရေအတွက် ၃၁၀ ရှိလာခြင်းဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီအကြီးအကဲ ဆူဟာယန်တိုက ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို စိစစ်တွက်ချက်နေဆဲဖြစ်ကြောင်း သိရသည်။ စာသင်ကျောင်းအဆောက်အအုံ ၃၆၃ ခု၊ ဘာသာရေးအဆောက်အအုံ ၁၄၄ ခု၊ ရုံးအဆောက်အအုံ ၁၆ ခုနှင့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာ သုံးခု ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီအကြီးအကဲ ဆူဟာယန်တိုက ပြောကြားသည်။

ထို့ပြင် လူနေအိမ် ၅၆၃၁၁ လုံး ပျက်စီးဆုံးရှုံးပြီး ပြည်သူ ၆၂၅၄၅ ဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင်ကယ်ဆယ်ရေးစခန်းများရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ မျှဝေပေးလျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့်၂၄ ဦးထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၅၄၈ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၅၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၀၅၇၂ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၉၄၅ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၅၉ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၉၇၈၀ ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၆၉၈ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၆၉၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၆၈၃၇၈၄၀ ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၉ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများအနက် ရောဂါကူးစက်ခံရသူပေါင်း ၅၃၆၆၇ ဦးရှိသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၅ ဦးထပ်မံတွေ့ရှိရာ သေဆုံးသူစုစုပေါင်း ၃၀၂၇၈ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံအရှေ့ပိုင်း၌ ကမ္ဘာလုံးဆိုင်ရာ နည်းပညာမြင့်ထုတ်ကုန်ပြပွဲ ကျင်းပ

**နန်ဂျင်း နိုဝင်ဘာ ၂၅**

၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ နည်းပညာမြင့်ပြပွဲကို တရုတ်အရှေ့ပိုင်းကျန်းဇုပြည်နယ် ဝူဇီမြို့တွင် နိုဝင်ဘာ ၂၅ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သုံးရက်ကြာကျင်းပမည့်အဆိုပါပြပွဲတွင် နည်းပညာဆိုင်ရာထုတ်ကုန်များကို ပြသသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကာအဆင့်မြင့်နည်းပညာဖြင့် ထိန်းချုပ်မောင်းနှင်သည့် မော်တော်ယာဉ်များကိုလည်း ပြသသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံမှ ဟွာဝေးကုမ္ပဏီနှင့် အမေရိကန်မှမိုက်ခရိုဆော့ဖ်နည်းပညာကုမ္ပဏီများသည် ၎င်းတို့မှ ထုတ်လုပ်သည့် နည်းပညာမြင့်ထုတ်ကုန်များကိုလည်း ပြသသွားမည်ဟု သိရသည်။

အဆိုပါပြပွဲသို့လာရောက်သူများအနေဖြင့် အဆင့်မြင့်နည်းပညာသုံးမျက်မှန်များအသုံးပြုကာ ပြပွဲတွင်ပြသထားသည့်လျှပ်စစ်ကားများနှင့်စက်ရုပ်များ၏ စွမ်းရည်ကို လေ့လာနိုင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဥသျှောင်ရပ်ကွက်နေ ကောင်းဇာနည်(ခ)ကောင်းကောင်းသည် ၎င်းအသုံးပြုသည့် “Kaung Zarni” Facebook အကောင့်၊ အောင်ပင်လယ်ရပ်ကွက်နေ ဝေမာမြင့်သည် ၎င်းအသုံးပြုသည့် “Wai Mar Myint” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်နိုင်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူ ခင်ဆွေလှိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Kyaw Naing Oo” Facebook အကောင့်၊ “Khin Swe Hlaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြိတ်မြို့၌ အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့သယ်ဆောင်မည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန် သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်မည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် အိုက်စ် (မက်သ်အဖက်တမင်း)များကို ပင်လယ်ပြင်သို့ သယ်ဆောင်မည့် အဖွဲ့ရောက်ရှိနေကြောင်း သတင်းအရ အတည်ပြုရှာဖွေဖော်ထုတ်ခဲ့ရာ မြိတ်မြို့နယ် လယ်ကယ်ကျေးရွာအနီးတွင် အိုငယ် (ခ) ခင်ကျော်နိုင်အား ခြောက်ဘီးယာဉ်တစ်စီး၊ Toyota Celsior ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ခြောက်ဘီးယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဘောမ်ထန်(ခ) ဘောမ်ဆောင်၊ ရှရွယ်(ခ)အလာနှင့် ဘောမ်ဇုန်း တို့သုံးဦးကို နိုဝင်ဘာ ၁၀ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁)ဗောတံတား၌ လည်းကောင်း၊ ဇော်တွယ်နှင့် လွမ်းဟူတို့နှစ်ဦးကို မြိတ်မြို့ ကလွင်ကျေးရွာ၌ CALDINA ယာဉ်တစ်စီး၊ NISSAN AD VAN ယာဉ်တစ်စီးနှင့် လည်းကောင်း။

နိုဝင်ဘာ ၁၂ ရက်၌ သန့်ဇင်နှင့် ဇနီးဖြစ်သူ မအေးမြတ်စန္ဒာထွန်းတို့အား ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ NISSAN ယာဉ်တစ်စီးနှင့် လည်းကောင်း၊ စောအောင်နှင့် သီဟတို့ကို ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ တည်းခိုခန်း၌ လည်းကောင်း၊ သန့်ဇင်ဦးအား တွံတေးမြို့နယ် ခလောက်ခလူးကျေးရွာရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ မြင့်ဇော်ဦးအား ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ အိုက်စ်(မက်သ်အဖက်တမင်း)များ တာဝန်ခံသယ်ဆောင်သူ ဇော်ဂျီ(ခ)အားချင်းအား နိုဝင်ဘာ ၁၅ ရက်တွင် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် အက်ဒမန်ပင်လယ်ပြင်ရေကြောင်း အသုံးပြု၍ ပြည်ပသို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ ၁၃ ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကျင်းပ



ရွှေပြည်သာ နိုဝင်ဘာ ၂၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာလူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးခင်ဝင်းမောင်က အမှာစကားပြောကြားပြီး အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုခံစားရသည့် ရွှေပြည်သာမြို့နယ်မှ အာမခံအလုပ်သမား ဦးမောင်မောင်မြတ်သူအား အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ငွေကျပ် ၇၇၆၁၆၀၀ ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း



## နေကြာမျိုးစေ့ထုတ် စံပြကွက်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ထောက်ပံ့ပေးအပ်

အင်းတော် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင်ယနေ့နံနက်၉နာရီကဆောင်းနေကြာမျိုးစေ့ထုတ် စံပြကွက်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်၊ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူနှင့် မျိုးစေ့ထုတ်တောင်သူများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့သည်။

အင်းတော်မြို့နယ်အနေဖြင့် နေကြာကို ဧက ၁၁၅၆၀ စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ယနေ့အချိန်ထိ ၂၂၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။

အေးမြသက်ထား

## တောင်ကြီးမြို့နယ်၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၂၅

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းကြီးစုရပ်ကွက် ဘာသာပေါင်းစုံသုသာန်သွားလမ်း (ဝါးပြားလမ်းဆုံမှ အလက(၁၃) ဝင်းအဆုံးအထိ) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ပါဝင်သော ရေမြောင်းပေရှည် ၂၁၅၄ ပေနှင့် လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁၂၁၅ ပေတို့အား ကုန်ကျငွေကျပ် ၂၁၅ ဒသမ ၆၇ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ယခုအခါတွင် လမ်းအရှေ့ဘက်ခြမ်း ရေမြောင်းနှင့် ကားနင်းခံ ရေမြောင်းဖုံးပြုလုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ကျောင်းကြီးစုရပ်ကွက်အတွင်း လူသွားလူလာများသည့် လမ်းမကြီးဖြစ်သည့်အပြင် တောင်ကြီးမြို့နေပြည်သူများ နာရေးပို့ဆောင်ရာတွင် အဓိကအသုံးပြုလျက်ရှိသည့် လမ်းမကြီးဖြစ်ကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

■

# စစ်ကိုင်းတိုင်းဒေသကြီး၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။

**ပြောကြား**

အဆိုပါ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမတွင် ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ၂၀၂၂ ခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု၏ ဆောင်ပုဒ်ဖြစ်သည့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစု လှုပ်ရှားပေး" ခေါင်းစဉ်အတိုင်း အမျိုးသမီးများအပေါ် အကြမ်းဖက်နေသည့် အပြုအမူများကို အဆုံးသတ်စေရန်အတွက် အားလုံးပေါင်းစုကာ လှုပ်ရှားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ အမျိုးသမီးငယ်များက Brake the Chain သီချင်းဖြင့် ကပြဖျော်ဖြေကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး Video Clip အား ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**



# တိုင်းရင်းသားဘာသာစကားနှင့် သင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများ အရည်အသွေးမြှင့်အထောက်အကူပြု ဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၅**

တိုင်းရင်းသား ဘာသာစကားနှင့် သင်ကြားရေး အထောက်အကူပြု ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ ပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေး ဒီဂရီကောလိပ်၊ တိက္ခပညာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားအား တိုင်းရင်းသား တိုင်းရင်းသူများက ဆရာကရုဏာသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ကာ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။





ထို့ပြင် လေယာဉ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ထားဝယ်လေဆိပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဇော်လင်းထွန်းက တိုင်းဒေသကြီးအတွင်းနှင့် တိုင်းဒေသကြီးပြင်ပမှ ထားဝယ်မြို့သို့လေယာဉ်ဖြင့် ခရီးသွားလာသည့် ပြည်သူများ၏ မီးဘေးလုံခြုံရေးနှင့် မမျှော်မှန်းနိုင်သည့် အခြားဘေးအန္တရာယ်များ ကြုံတွေ့ပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ ဇာတ်တိုက်လေ့ကျင့်ရခြင်းဖြစ်ကြောင်းနှင့် ဇာတ်တိုက်လေ့ကျင့်ရခြင်း၏ စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမွန်မြတ်သော ကုသိုလ်ပြုအရေးပေါ် (အခမဲ့) ကူညီသယ်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင်များက ခရီးသည်တင် လေယာဉ်အရေးပေါ်အခြေအနေ ကူညီကယ်ဆယ်ရေး နည်းစဉ်များအတိုင်း ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်ငါးခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ်နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ်တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 12, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဇန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ကော့သောင်းမြို့တွင် လေယာဉ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်

**ကော့သောင်း နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့တွင် ခရီးသည်တင်လေယာဉ်များ မတော်တဆ အရေးပေါ် အခြေအနေများ ဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာနမှ ကော့သောင်းလေဆိပ်တွင် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လေယာဉ်ဖြင့် ခရီးသွားလာရာတွင် လေယာဉ်နှင့် ခရီးသည်များ မမျှော်မှန်းနိုင်သည့် မတော်တဆ အရေးပေါ်အခြေအနေနှင့် မီးဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတွင် ပျက်စီးဆုံးရှုံးမှုနှင့် ခရီးသွားပြည်သူများ အသက်အန္တရာယ်ဖြစ်ပွားလေ့ရှိသည့်အတွက် ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်မှု၊ ပြည်သူများ၏ အသက်အန္တရာယ်ကို ဆောလျင်စွာ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်နိုင်ရန်နှင့် အခြားလိုအပ်ချက်များကို ကူညီပေးနိုင်ရန် ရည်ရွယ်လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း" ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦးက ပြောသည်။

ဇာတ်တိုက် လေ့ကျင့်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လေဆိပ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ လေဆိပ်ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ လေယာဉ်များ မတော်တဆ အရေးပေါ်အခြေအနေ ကြုံတွေ့မှုနှင့်အတူ ထိခိုက်ဒဏ်ရာရသူများအား အလျင်အမြန်ကယ်ဆယ်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပို့ဆောင်ပေးခြင်း၊ ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုခြင်းနှင့် လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ မီးလောင်ကျွမ်းသည့်နေရာများအား အမြှုပ်ဆေးရည်များဖြင့် အမြန်ပက်ဖျန်းငြိမ်းသတ်ခြင်း စသည့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို လေယာဉ် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ဘက်စုံသုံးယာဉ် တစ်စီး၊ ရေသယ်ယာဉ် နှစ်စီးနှင့် လူနာတင်ယာဉ် နှစ်စီးဖြင့် ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသုံးပြုကာ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



**ကျော်စိုး(ကော့သောင်း)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၅) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်းတွင် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲ၌ ကျင်းပရာ သင်တန်းဆင်း တပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်ဇော်အား အလေးပြုခဲ့ကြသည်။

ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသား ဦးဝင်းစည်သူ လက်ထောက်မန်နေဂျာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာနကိုလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်အေးစန္ဒာလှိုင် ဌာနစုမှူး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုလည်းကောင်း ချီးမြှင့်သည်။ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ် ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀၁ ဦး၊ သင်တန်းသူ ၂၄၂ ဦး စုစုပေါင်း ၄၄၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၆ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ In–House Learning ဖြင့် လည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပွင့်လင်းရာသီ၌ သိန္နီမြို့မဈေးကြီးမီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးသတ်ယာဉ်ဖြင့်မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလက်တွေ့လေ့ကျင့်မှုများကို နိုဝင်ဘာ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးဆိုင်ခန်းပိုင်ရှင်များ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။

၂၁၀

# မြဝတီမြို့၌ စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ရဲဗလရွှေတံဆိပ်နှင့် ဂုဏ်ပြုစာလွှာများချီးမြှင့်

မြဝတီ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး တို့အား ရဲဗလရွှေတံဆိပ်နှင့် ဂုဏ်ပြုစာလွှာ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။





ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ဖြစ်သည့် ရဲဗလရွှေတံဆိပ်ရရှိခဲ့သည့် ဝေ့ရှမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းခင်ဝင်း (ကွယ်လွန်)၊ မဲ့ပလဲ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း(ကွယ်လွန်)နှင့် အမှတ်(၂) ရပ်ကွက်ရာအိမ်မှူး ဦးသန်းဌေး(ကွယ်လွန်) တို့အတွက် ၎င်းတို့၏ မိသားစုဝင်များအား ရဲဗလရွှေတံဆိပ်၊ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ၊ ပေ ၄၀ x ပေ ၆၀ မြေကွက် မြေပေးမိန့်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုသို့ ပေးအပ်ချီးမြှင့်ရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီမှ ချီးမြှင့်သည့် တစ်ဦးလျှင် ရွှေ နှစ်ကျပ်ခွဲသားရှိ ရဲဗလရွှေတံဆိပ်၊ ဂုဏ်ပြုဆုငွေ သုံးသိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေ ငါးသိန်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ချထားပေးသည့် ပေ ၄၀ x ပေ ၆၀ မြေကွက်တို့နှင့် မြဝတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အမှတ်(၂)ရပ်ကွက် ရာအိမ်မှူး ဦးသန်းဌေး(ကွယ်လွန်)မိသားစု အတွက် ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၂ သိန်း တို့အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၈၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၂၆,၁၇၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၁၃၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၅၇၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၄) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဘိုကလေးပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြုသင်တန်းဆင်းပွဲ ကျင်းပ

ဘိုကလေး နိုဝင်ဘာ ၂၅

တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြု သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် နိုဝင်ဘာ ၃ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မော်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ လပွတ္တာ မြို့နယ်တို့မှ တိုင်းရင်းသားဘာသာ စကားသင် ဆရာ ဆရာမ ၁၃၇ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဆရာ ဆရာမများသည် တိုးတက်ပြောင်းလဲလာသော ပညာရေးကို မျက်ခြည်မပြတ် အစဉ်လေ့လာသင်ယူပြီး မိမိတို့ကိုယ်တိုင် ထာဝရကျောင်းသားကြီးများအဖြစ် ခံယူကြရန် လိုအပ်ကြောင်း၊ ပညာရေးစနစ်တိုးတက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါသည့်အတွက် ယခုကဲ့သို့ အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ နာသုံးနာကိုအခြေခံ၍ တပည့်များ စံနမူနာထားရမည့် ဆရာ ဆရာမများအဖြစ် ကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အလိုက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ရာ ဘိုကလေးပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျောက်တံခါးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



ကျောက်တံခါး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ကျောက်တံခါး) ပတ္တမြားခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် ဒုတိယ မြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က ဦးဆောင်ဆွေးနွေးကာ ကျောင်းသားကျောင်းသူခြောက်ဦးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်ပြည်သူ့နီတိ၊ လူငယ်နှင့်မူးယစ်ဆေးအစရှိသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငပုတောမြို့နယ်၌ နေကြာသီးနှံ မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ငပုတော နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် လိပ်ချောင်းကျေးရွာအုပ်စု ပုသိမ်-ငပုတော ကားလမ်းဘေးတွင် ယနေ့နံနက် ၉ နာရီက ကွင်းအမှတ် (၁၃၈၃)၊ ဦးပိုင်အမှတ် (၁၁/၂) တောင်သူ ဦးအောင်သူ၏ နေကြာသီးသန့်စိုက်ဧက ငါးဧကအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီ ဆီထွက်သီးနှံနေကြာမျိုးစေ့ချ သရုပ်ပြပွဲ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးလင်းကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဆောင်းရာသီ ဆီထွက်သီးနှံနေကြာမျိုးစေ့ကို စက်အသုံးပြု မျိုးစေ့ချ (သရုပ်ပြ)စိုက်ပျိုးခဲ့ပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျ စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ကွင်းအမှတ် (၄၄၀)၊ ဦးပိုင်အမှတ် (၁၁/၁)တောင်သူ ဒေါ်ဌေးဌေး၏ လယ်မြေတွင် မိုးစပါးစံပြကွက် တစ်ဧက ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးခဲ့ရာ အစို ၉၉ ဒသမ ၅၈ တင်း၊ အခြောက် ၉၃ ဒသမ ၃ တင်း ထွက်ရှိကြောင်း သိရသည်။

ငပုတော (ပြန်/ဆက်)

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# သက်ရှည်ကျန်းမာစေဖို့ရာ လမ်းမှန်မှန်လျှောက်ပါ

**------ တင်ထက်ထက်ဇော် ------**



၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တိုင်းစစ်ဌာနချုပ်အသီးသီးတို့ လူထုလမ်းလျှောက်ပွဲကျင်းပစဉ်။

မြန်မာနိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၆၇ ဒသမ ၄၂ နှစ်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ တွက်ချက်မှုမှာ ၆၇ ဒသမ ၇၈ နှစ်ဖြစ်ကြောင်း သိရသည်။ လူတစ်ယောက် သက်တမ်းစေ့နေနိုင်ရန်နှင့် သက်ရှည်ကျန်းမာစေရန်အတွက် သွေး၊ လေများကောင်းမွန်လည်ပတ်အောင် နေ့စဉ် လမ်းမှန်မှန်လျှောက်ခြင်းကလည်း အဓိကကျပါသည်။ WHO မှ ထုတ်ပြန်ကြေညာချက်များအရ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ချို့တဲ့ခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ နှစ်သန်းခန့် ရောဂါဖြစ်ကြပြီး ကိုယ်ခန္ဓာမသန်စွမ်းခြင်းနှင့် သက်တမ်းမစေ့မီ သေဆုံးခြင်းများကို ရင်ဆိုင်နေကြရကြောင်း သိရသည်။

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ လူတိုင်းတွင် မွေးရာပါ စွမ်းဆောင်ရည်များပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယဖြစ်နေခြင်းဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်ကြေးကျသက်သာသည့် အလွယ်ကူဆုံး လေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်းဖြစ်ပါသည်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ၏ ကမ်းခြေကျောက်သား ကမ်းပါးတစ်ခုပေါ်မှာ –

- သင်ကျန်းမာချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။
- သင်ဉာဏ်ကောင်းချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။
- သင်လှချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။

ဟူသော ကမ္ပည်းရေးထိုးထားသည်မှာ လူသားအားလုံးအတွက် မှတ်သားနာယူဖွယ်ဖြစ်ပေသည်။

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိကြရာ ၎င်းတို့အနက် "လမ်းလျှောက်ခြင်း" က အရွယ်သုံးပါးမရွေး အထူးသင့်တော်သည့်လေ့ကျင့်ခန်းဖြစ်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ William Cubitt ဆိုသူက ရာသီအချိန်အခါမရွေး လမ်းလျှောက်နိုင်ကြစေလိုသော ရည်ရွယ်ချက်ဖြင့် ၁၈၁၈ ခုနှစ်မှာ Treadmills (ခေါ်) ဆိုလည်ဒေါင်လိုက် ဘီးတပ်ထားသည့် လှေကားထစ်ပုံစံ လမ်းလျှောက်စက်ကို စတင်တီထွင်ပေးခဲ့ပါသည်။ ယနေ့ အမေရိကန်ပြည်ထောင်စုအပါအဝင် တိုးတက်ခေတ်မီနေသော ကမ္ဘာ့နိုင်ငံကြီးများ၏ဆေးရုံကြီးများတွင် လမ်းလျှောက်စက်များထားရှိကာ နာတာရှည်ဆီးချိုရောဂါ၊ နှလုံးနှင့် အဆုတ်ဝေဒနာသည်များကို လမ်းလျှောက်စေသည့် လေ့ကျင့်ခန်းကုထုံးအဖြစ် အောင်မြင်စွာ ကုသလျက်ရှိနေကြပါသည်။

"လမ်းလျှောက်ခြင်း" သည် လူတိုင်းလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းဖြစ်သလို ငွေကြေးကုန်ကျမှုမရှိ၊ ကရိကထလည်း မများသည့်ပြင် အလွယ်ကူဆုံးဖြစ်သောကြောင့် မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု (သို့မဟုတ်) မိတ်ဆွေသူငယ်ချင်းများနှင့် အုပ်စုလိုက်ဖြစ်စေ၊ အိမ်မွေးခွေးလေးများနှင့်ဖြစ်စေ လွတ်လပ်ပေ့ါပါးစွာ ပြုလုပ်နိုင်ပါသည်။ ကျန်းမာခြင်းဟူသော ဆုလာဘ်သည် ငွေကြေးဖြင့်ဝယ်ယူ၍ရသော ပစ္စည်းမဟုတ်ပေ။

**ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ လူတိုင်းတွင် မွေးရာပါ စွမ်းဆောင်ရည်များ ပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယဖြစ်နေခြင်းဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်ကြေးကျ သက်သာသည့် အလွယ်ကူဆုံးလေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်းဖြစ်**

လူတိုင်းလူတိုင်း မိသားစုဝင်များအားလုံး ကိုယ်ကျန်းမာနေမှလည်း စိတ်ချမ်းသာနိုင်မည်ဖြစ်ပေသည်။

**လမ်းလျှောက်ခြင်း၏**
**ကျန်းမာရေးအကျိုးကျေးဇူးများ**

လမ်းလျှောက်ခြင်းသည် ရောဂါကင်းဝေးကျန်းမာစေပြီး အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်း အသိပေးမျှဝေလိုပါသည်။

နှလုံးအားကောင်းစေပါသည်။ ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော HDL ကိုလက်စထရောများကို သဘာဝအလျောက်မြှင့်တင်ပေးပြီး မကောင်းသော LDL ကိုလက်စထရောများကို လျှော့ချပေးပါသည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသဖြင့် နှလုံးကိုကျန်းမာစေပါသည်။

ပျမ်းမျှ တစ်နေ့လျှင် ဘတ်စ်ကား ခုနစ်မှတ်တိုင် အကွာအဝေး (သို့မဟုတ်) ၎င်းထက်ပို၍ လမ်းလျှောက်သူများသည် သီတင်းတစ်ပတ်လျှင် ပျမ်းမျှ ဘတ်စ်ကား ငါးမှတ်တိုင် အကွာအဝေးခန့်သာ လျှောက်သူများထက် နှလုံးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ် ၃၆ ရာခိုင်နှုန်း လျော့နည်းပြီး လေဖြတ်နိုင်သည့်အန္တရာယ်မှလည်း ၅၄ ရာခိုင်နှုန်း လျော့နည်းကြောင်း သိရသည်။ ထို့ပြင် လမ်းလျှောက်သည့် အမြန်နှုန်း (သို့မဟုတ်) အကွာအဝေး ပိုများသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်လျော့နည်းကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် မိနစ် ၃၀ ကြာ လမ်းလျှောက်နိုင်မည်ဆိုပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်း နည်းပါးသွားကြောင်း လေ့လာမှတ်သားရပါသည်။

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် ကျဆင်းသွားစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက် လမ်းလျှောက်ရုံမျှဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကိုလည်း အားကောင်းလာစေပါသည်။ သွေးတိုးနှင့် လေဖြတ်ခြင်းမှ ကာကွယ်စေပါသည်။ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါမဖြစ်စေတော့ပေ။ ထို့ပြင် သွေးတိုးရောဂါနှင့် ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းအလားအလာကို ၂၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ပါသည်။

လမ်းလျှောက်နေချိန်တွင် ခန္ဓာကိုယ်တွင်း အောက်ဆီဂျင် များများလိုအပ်ခြင်းကြောင့် အသက်ပိုရှူရသဖြင့် အဆုတ်၏ လုပ်ဆောင်ချက်များ ပိုကောင်းလာပါသည်။ ရောဂါဝေဒနာဆိုးများမှ တားဆီးပေးနိုင်ပါသည်။ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းက ဆီးချိုရောဂါ အမှတ်–၂ ဖြစ်နိုင်ခြေ အလားအလာကို ၆၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးသည့်အပြင် ရက်သတ္တပတ်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်တွင်းရှိဆဲလ်များကို အားကောင်းစေပြီး အထူးသဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည့် ကုသရန်ခက်ခဲသော ရောဂါဆိုးကြီးများ ဖြစ်နိုင်ခြေအလားအလာကိုပါ ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း The British Medical Journal (ခေါ်) ဗြိတိန်ကျန်းမာရေးဂျာနယ်တွင် ဖော်ပြထားပါသည်။

ကြွက်သားများ ကျစ်လျစ်လာစေပါသည်။ လမ်းလျှောက်ခြင်းက ပြင်းထန်သော လေ့ကျင့်ခန်းမဟုတ်သဖြင့် ကြွက်သားနာကျင်မှု မဖြစ်စေနိုင်ပေ။ ထို့ကြောင့် အနာတရဖြစ်ပေါ်ခြင်း၊ နောက်တစ်နေ့ လမ်းထလျှောက်ဖို့အတွက် ကြွက်သားနာ၍ မလျှောက်နိုင်ခြင်းမျိုးလည်း မဖြစ်စေနိုင်ပေ။

တစ်နေ့ ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် ရနိုင်ပါသည်။ ၎င်းထက်ပိုပြီး ပြင်းထန်သည့် လေ့ကျင့်ခန်းလုပ်ချင်သူဖြစ်ပါက တောင်တက်လမ်းလျှောက်ခြင်း ပြုလုပ်ပါ။ ထို့ပြင် စက္ကန့် ၃၀ မှ တစ်မိနစ်၊ နှစ်မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး တစ်ဖန် ပုံမှန်လမ်းလျှောက်ခြင်း၊ ထို့နောက် ခပ်မြန်မြန် ပြန်လည်လမ်းလျှောက်ခြင်းကလည်း ကြွက်သားများကို ထိထိရောက်ရောက် သန်မာစေပါသည်။ ဦးနှောက်ကို ကောင်းကျိုးပြုပါသည်။ အင်္ဂလန်နိုင်ငံတွင် အသက် (၆၅) နှစ်နှင့်အထက် အမျိုးသား အမျိုးသမီးကြီးများကို ရက်သတ္တပတ်လျှင် ခြောက်မိုင်ကျော်မျှ လမ်းလျှောက်စေခဲ့ရာ စိတ်ဖိစီးမှုများ မရှိတော့ဘဲ ယခင်အခြေအနေထက် မှတ်ဉာဏ်စွမ်းရည်ပမာဏ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

**စာမျက်နှာ ၁၉ သို့ ✪**

## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၂၅**

ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ပေါ်တွင် ဌာနဆိုင်ရာများက ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားများ၊ ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများမှ ဒေသထွက်ကုန်၊ ထုတ်ကုန်များကို ပြပွဲခင်းကျင်းပြသခြင်းနှင့် ဈေးရောင်းပွဲကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် တစ်နှစ်တာကာလအတွင်း စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများနှင့် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း ဆောင်ရွက်ပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း၊ ယခင်နှစ်များကလည်း ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို အနှစ်သာရရှိရှိ ဆောင်ရွက်ခဲ့မှု သာဓကများကို ပြန်လည်သုံးသပ်ပြီး ယခုနှစ် ရခိုင်ပြည်နယ်နေ့ကို စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြပြီး (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပရေးနှင့် ပတ်သက်၍ လျာထားဆောင်ရွက်မည့် အစီအစဉ်(မူကြမ်း)များကို အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ ကျေးရွာရေရရှိရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ပြည်သူအခြေပြု ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော ကျေးရွာရေရရှိရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဘုရားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပြည်သူအခြေပြု ရေသန့်စင်စနစ်နှင့် နိုင်ငံတော်ထည့်ဝင်ငွေဖြင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော ကျေးရွာရေရရှိရေးစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမင်းဦးက နေရောင်ခြည်စွမ်းအင်သုံးရေတင်စနစ်ဆောင်ရွက်ခြင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းနှင့် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများက ပြည်သူအခြေပြုရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော ကျေးရွာရေရရှိရေးစီမံကိန်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တက်ရောက်လာသော ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၇



## သံတွဲမြို့၌ အလုပ်သမားဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သံတွဲ နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် သံတွဲမြို့၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဖူလုံရေးရုံးတို့ပူးပေါင်း၍ အလုပ်ရုံ၊ အလုပ်သမားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ငပလီမြို့ Pristine Mermaid Resort ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန္ဒာဝင်းက အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသော ဥပဒေများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအချက်များအား ရှင်းလင်းဆွေးနွေးခြင်းနှင့် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်အောင်က အလုပ်ရုံ အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဦးအောင်လင်းစိုးက လူမှုဖူလုံရေးအကျိုးခံစားခွင့်တို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ဝန်ထမ်းများ၏ ပြန်လည်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး Pristine Group Co.,Ltd မှCoporate HR Manager ဦးရဲညီညီက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

✪ စာမျက်နှာ ၁၈ မှ

အရိုးပွရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးပါသည်။ လမ်းလျှောက်နေစဉ်တွင် ကြွက်သားများက အရိုးများကိုဆွဲတင်ပေးပြီး ရွေ့လျားမှုဖြစ်ပေါ်စေသဖြင့် အရိုးများကို ပိုမိုသန်မာစေပါသည်။ စိတ်ဖိစီးမှုဖြစ်စေသော ကော်တီဇောဟော်မုန်းသည် အရိုးများ၏ သိပ်သည်းဆကို လျော့ကျစေပြီး အရိုးပွရောဂါကို ဖြစ်စေတတ်သည်။ လမ်းများများလျှောက်ခြင်းဖြင့် ကော်တီဇောပမာဏ လျော့ကျသွားစေနိုင်သဖြင့် အရိုးပွခြင်းကို သက်သာလာစေသည်။ အထူးသဖြင့် သွေးမဆုံးခင်နှင့် သွေးဆုံးပြီးစ အမျိုးသမီးများ အရိုးပွရောဂါမဖြစ်ရလေအောင် လမ်းမှန်မှန်လျှောက်ပေးဖို့ အထူးလိုအပ်ပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ကျန်းမာကြံ့ခိုင်စေသဖြင့် အဆစ်အမျက်ရောင်ဝေဒနာသည်များလည်း လမ်းလျှောက်လေ့ကျင့်ခန်းမှန်မှန် လုပ်သင့်ပါသည်။

ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စေပါသည်။ လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ရင်ကိုဖွင့်ကာ သက်သောင့်သက်သာ အနေအထားဖြင့် ပခုံးနှစ်ဖက်ကိုဖြေလျှော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီ အားရပါးရ လွှဲလျှောက်ပေးရပါမည်။ ထိုကဲ့သို့ နည်းစနစ်မှန်မှန် လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားများကို ကျစ်လျစ်လာစေသလို ခါးတစ်ဝိုက်ရှိ အဆီပိုများကိုပါ ဖယ်ရှားပေးနိုင်သဖြင့် ခန္ဓာကိုယ်အချိုးအစားကို ပြေပြစ်သွားစေပါသည်။ ဗီတာမင်ဒီ ရရှိစေပါသည်။ အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီဓာတ်ကို မရှိမဖြစ်လိုအပ်ပါသည်။ နံနက်ပိုင်း နေရောင်ခြည်နုနုအောက်တွင် နေပူစာလှုံရင်း လမ်းလျှောက်ခြင်းက ဗီတာမင်ဒီဓာတ် အပြည့်အဝရရှိစေမည်ဖြစ်ပါသည်။ ခွန်အားရရှိစေပါသည်။ ခပ်သွက်သွက် လမ်းလျှောက်ခြင်းဖြင့် သွေးလည်ပတ်စီးဆင်းမှုအားကောင်းစေကာ ခန္ဓာကိုယ်အနှံ့အပြားရှိ ဆဲလ်များဆီသို့ အောက်ဆီဂျင်ရောက်ရှိသွားစေ၍ လူကို လန်းဆန်းပေါ့ပါးသွားသည်။

နေ့စဉ် ပုံမှန်လမ်းသွက်သွက်လျှောက်ခြင်းကြောင့် ကျန်းမာပျော်ရွှင်မှုကိုဖြစ်စေသည့် အန်ဒေါ်ဖင်ဟော်မုန်းများလည်း ပိုမိုထွက်ရှိလာပါသည်။ လေကိုတစ်ဝကြီးရှူရှိုက်၍ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက စိတ်၏ထွက်ပေါက်ဖြစ်စေနိုင်သောကြောင့် အချိန်တိုအတွင်းမှာပင် စိတ်ဖိစီးမှုများကို ပြေပျောက်သွားစေပါသည်။ မျက်စိတိမ်အားကို လျော့ကျသွားစေသဖြင့် မျက်စိတိမ်စွဲခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ ကျန်းမာနုပျိုစေပါသည်။ အရေပြားသို့ သွေးစီးဆင်းမှုအားတိုးသွားစေပြီး အရေပြားဆဲလ်များကို အာဟာရဖြစ်စေကာ ကျန်းမာနုပျိုသောအသွင်ကို မလွဲမသွေ ဖြစ်ပေါ်လာစေပါသည်။ အကျိုးရလဒ်အဖြစ် ကျန်းမာနုပျိုခြင်းကို ပိုင်ဆိုင်နိုင်ပါမည်။

### သတိပြုရန်

နံနက်ခင်းစောစော လမ်းထလျှောက်သည့်အခါ တစ်ဦးတည်းလျှောက်ခြင်းထက် အနည်းဆုံး လမ်းလျှောက်ဖော်တစ်ယောက်ပါလျှင် ပို၍ကောင်းပါသည်။ သက်သောင့်သက်သာရှိစေသော ဖိနပ်ကိုဝတ်ဆင်ခြင်းက ခြေထောက်နာ၊ ခြေထောက်ကွဲအက်ခြင်းကို မဖြစ်စေတော့ပေ။ ချွေးစုပ်နိုင်သော ချည်သားစစ်စစ် အဝတ်အထည်များ ဝတ်ဆင်ပါ။ လမ်းလျှောက်ပြီးနောက် ရေများများသောက်ပါ (သို့မဟုတ်) ရေဘူးဆောင်ထားပါ။

ကျန်းမာရေးဝန်ကြီးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သည့် နံနက်စောစောထ လမ်းလျှောက်ခြင်းဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဆောင်းရာသီတွင် ကျင်းပလျက်ရှိပါသည်။ ထို့ပြင် အခြားသော စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာစေရန်၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးစသည်တို့အတွက်ကိုလည်း ပြည်သူ့ကျန်းမာရေးဗဟိုပြုဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်မှုများစွာတို့ကို ဘက်ပေါင်းစုံမှနေ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေပါသည်။ ထို့မျှမက "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"အသိဖြင့်ပြည်သူလူထုအကြားအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲတို့ကိုလည်း အခါအားလျော်စွာ ကျင်းပပေးလျက်ရှိပါသည်။

အမှန်စင်စစ် လမ်းလျှောက်သည်ဆိုရာဝယ် ဆောင်းရာသီတစ်ခုတည်းသာမက နွေရော မိုးပါ ဥတုရာသီချိန်ခါမရွေး လမ်းမှန်မှန်လျှောက်သောအလေ့အထကောင်းကို မွေးမြူသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိကိုယ်တိုင် တကယ်ကျန်းမာချင်ပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်ချင်စိတ်ရှိပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်တတ်ပါမှ၊ ကျန်းမာရေး အသိသတိဖြင့် ဖွဲ့လုံ့လရှိပါမှ ရောဂါဘယကင်းဝေး၍ တကယ်ကျန်းမာနိုင်မည် ဖြစ်ပေသည်။

ယခုအခါတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ရှောင်ရှားနိုင်ရန် လူခြေတိတ်သည့် အချိန်များဖြစ်သည့် နံနက်စောစော သို့မဟုတ် ညစာစားပြီးနောက်ပိုင်းအချိန်များတွင် မိမိရပ်ကွက်၊ လမ်းသွယ်များအတွင်း လမ်းလျှောက်လေ့ကျင့်ခန်းကို ပြုလုပ်နိုင်ပါသည်။ သွားလာရန် အခက်အခဲရှိသူများအနေဖြင့် အိမ်ခြံဝင်းအတွင်းလှည့်ပတ်၍ လျှောက်နိုင်ပါသည်။ အိမ်ထဲမှာပင် အိမ်ရှေ့အိမ်နောက်ဖေး လမ်းလျှောက်နိုင်သလို အပေါ်ထပ်အောက်ထပ် လှေကားအတက်အဆင်းများလည်း ပြုလုပ်နိုင်ပါသည်။

သို့ပါ၍ ဆောင်းရာသီကာလ တစ်ခုတည်းမဟုတ် နေ့စဉ်ဘဝမှာ မိမိအဆင်ပြေနိုင်သည့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လမ်းလျှောက်ခြင်းကို ဖန်တီးလုပ်ယူကာ သက်ရှည်ကျန်းမာစေဖို့ရာ လမ်းမှန်မှန်လျှောက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 6 Lesson 1: Let's eat out! သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 2: Do you eat healthy food? အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

**Lesson 2: Do you eat healthy food?**

**(ကျန်းမာရေးကောင်းစေတဲ့ အစားအစာတွေ စားသလား။)**

- Food items (အစားအစာများ)
- Health benefits (ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ)

### Reading

In pairs, ask and give short answers to the following questions. **(မေးခွန်းများကို အပြန်အလှန်အမေး၊ အဖြေပြုလုပ်ပါ။)**

1. Where do you usually have your breakfast?
(သင့်ရဲ့နံနက်စာကို များသောအားဖြင့် ဘယ်နေရာမှာစားသလဲ။)
2. What do you usually have for breakfast at home?
(သင့်ရဲ့နံနက်စာကို အများအားဖြင့် ဘာအစားအသောက် စားလေ့ရှိသလဲ)
3. What time do you usually have your breakfast?
(သင့်ရဲ့နံနက်စာကို များသောအားဖြင့် ဘယ်အချိန်မှာစားသလဲ။)
4. With whom do you usually have your breakfast?
(သင့်ရဲ့နံနက်စာကို များသောအားဖြင့် ဘယ်သူနဲ့အတူစားသလဲ။)
5. Who makes your breakfast?
(သင့်ရဲ့နံနက်စာကို ဘယ်သူချက်ပြုတ်ပေးသလဲ။)

E.g. (1) I usually have my breakfast **at home** (or) **at teashop.**
(2) I usually have **fried rice and a cup of coffee** at home.
(3) I usually have my breakfast **at 6 am.**
(4) I usually have my breakfast **with my parents.**
(5) **My mother** makes my breakfast.

**Read the texts. (ပေးထားသော စာပိုဒ်များကို ဖတ်ပါ။)**

**Breakfast (နံနက်စာ)**

Kaythi had a glass of milk and two sardine sandwiches for her breakfast this morning at the school canteen. Milk is rich in calcium that makes bones and teeth stronger. Omega-3 fatty acids in sardines are good for our skin and brain.



ဒီနေ့ ကေသီက သူ့ရဲ့နံနက်စာကို ကျောင်းစားသောက်ဆိုင်မှာ ဆာဒင်းငါး အသားညှပ်ပေါင်မုန့်နှစ်ခုနဲ့ နွားနို့တစ်ခွက် သောက်ခဲ့တယ်။ နွားနို့က အရိုး၊ အဆစ်တွေကို သန်မာစေတဲ့ ကယ်ဆီယမ်သတ္တုဓာတ် ပါဝင်တယ်။ ဆာဒင်းငါးမှာပါဝင်တဲ့ အိုမီဂါ-၃ အဆီဓာတ်အက်စစ်တွေက အရေပြားနဲ့ ဦးနှောက်အတွက် ကောင်းမွန်စေတယ်။

Yesterday, Zaw Naing had fried rice with peas and a fried egg for breakfast with his parents at home. Eggs and peas contain proteins and rice has carbohydrates. Proteins and carbohydrates can build our body muscles.



မနေ့က ဇော်နိုင်က သူ့ရဲ့နံနက်စာကို အိမ်မှာ သူ့မိဘတွေနဲ့အတူ ထမင်းကြော်စားခဲ့တယ်။ ထမင်းကြော်မှာ ပဲနဲ့ ကြက်ဥကြော်လည်း ပါဝင်တယ်။ ကြက်ဥနဲ့ ပဲတွေမှာ ပရိုတိန်းအသားဓာတ်တွေပါဝင်ပြီး တော့ ထမင်းမှာ ကာဗိုဟိုက်ဒရိတ် ကစီဓာတ်ပါဝင်ပါတယ်။ ပရိုတိန်း အသားဓာတ်နဲ့ ကာဗိုဟိုက်ဒရိတ် ကစီဓာတ်က ခန္ဓာကိုယ်မှာရှိတဲ့ ကြွက်သားတွေကို ကျန်းမာသန်စွမ်းစေတယ်။

**Complete the table. (အောက်ပါကွက်လပ်များကို ဖြည့်စွက်ပါ။)**

| **Name** | **Food items** | **Health benefits** |
|---|---|---|
| (1) Kaythi | 1.____________ | good for bones and teeth |
| | Sardines sandwiches | 2. ____________ |
| (2) Zaw Naing | fried rice with peas and a fried egg | 3. ____________ |

++++++++++++++++++++

**(လာမည့်အပတ်တွင် Lesson 2: Do you eat healthy food? ရဲ့ Lunch နေ့လယ်စာအကြောင်း ဖော်ပြပါမည်။)**

## Grade 7

ယခင်အပတ်က Yes/No Questions အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 4: Going on a holiday အကြောင်းကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

**Lesson 4: Going on a holiday (အပျော်ခရီးထွက်ခြင်း)**

* types of holiday
အပျော်ခရီးအမျိုးအစား

* a travel plan
ခရီးသွားအစီအစဉ်

### Vocabulary ဝေါဟာရ

| | | | |
|---|---|---|---|
| weather **ရာသီဥတု** | safety **လုံခြုံမှု** | accommodation **တည်းခိုမှု** | scenes **ရှုခင်းများ** |
| shopping **ဈေးဝယ်ထွက်ခြင်း** | adventure **စွန့်စားခန်း** | cost **ကုန်ကျစရိတ်** | transport **ပို့ဆောင်ရေး** |
| relaxation **အပန်းဖြေစခန်း** | food **အစားအစာ** | company **အပေါင်းအဖော်** | activities **လှုပ်ရှားမှုများ** |
| beach holiday **ကမ်းခြေအပျော်ခရီး** | camping holiday **စခန်းချအပျော်ခရီး** | adventure holiday **စွန့်စားသွားလာခရီး** | city tour **မြို့ပတ်အပျော်ခရီး** |

**Complete the table with the phrases given below. (ပေးထားသော စကားစုများကို အောက်ပါဇယားတွင်ဖြည့်စွက်ပါ။)**

| | | |
|---|---|---|
| go sightseeing **ရှုခင်းကြည့်သည်** | lie on the beach **ကမ်းခြေတွင်လဲလျောင်းသည်** | go trekking **တောင်တက်သည်** |
| visit pagodas **ဘုရားဖူးသည်** | eat in restaruants **စားသောက်ဆိုင်တွင်စားသည်** | stay in a tent **တဲထိုးနေသည်** |
| go swimming **ရေကူးသည်** | cook food **အစားအစာချက်သည်** | swim underwater **ရေအောက်တွင်ရေကူးသည်** |
| eat seafood **ပင်လယ်စာစားသည်** | go snorkelling **ရေငုပ်သည်** | observe underwater life **ရေအောက်သဘာဝကို စူးစမ်းလေ့လာသည်** |

| **Types of holiday (အားလပ်ရက် အမျိုးအစား)** | **Things you can do (သင်လုပ်နိုင်သည့် အရာများ)** |
|---|---|
| Beach holiday (ကမ်းခြေအပျော်ခရီး) | ____________________ |
| Camping holiday (စခန်းချအပျော်ခရီး) | ____________________ |
| Adventure holiday (စွန့်စားသွားလာခရီး) | ____________________ |
| City tour (မြို့ပတ်အပျော်ခရီး) | ____________________ |

### Writing

**(1) Write sentences to describe your holiday plan.**

**(သင့်ရဲ့အားလပ်ရက်အပျော်ခရီးအစီအစဉ်တစ်ခု ရေးသားပါ။)**

**e.g. I am going to _____. I arrive in _____ on _____. We go there by car/ train/ plane/ etc. We are there from _____ to _____ . We are going to visit _____ and _____. And we are going to buy _____ and _____.**

________________________________________

